The General Strikes Coordination Body (GSCB) of 36 activist organizations on Sunday issued a statement condemning ASEAN and its envoy for failing to demand an immediate end to the junta’s “atrocities,” and dismissing his visit as “disrespectful.”

Ashin Rajadhamma, a GSCB representative and a member of the Buddhist Mandalay Sangha Union, told RFA that if Prak Sokhonn does not meet with “leaders represent the voices of the people, there is no meaning to these meetings at all.

“This is why we issued a statement,” he said. “His visit will not include an accounting of the demands of the people, and nothing will come of it. That’s why we don’t trust these meetings.”

Political analyst Sai Kyi Zin Soe said that even if Prak Sokhonn was to ensure that he meets with all parties, an end to the violence in Myanmar is unlikely given the current situation.

“Can he really [guide] all stakeholders to stop [the violence]? It all depends on how well he can set out on a path to satisfy everyone,” he said.

“In the current situation, all he can do is to talk about the need to stop the violence. But I don’t think he would be able to convince all the groups to accept that.”

***Translated by Khin Maung Nyane. Written in English by Joshua Lipes.***

https://www.rfa.org/english/news/myanmar/envoy-03212022183742.html

---------------------------------------------------------------------------------------------------------

## UN: Myanmar is in a State of Profound Humanitarian Crisis

March 21, 2022 | Lisa Schlein



File - Smoke arises from burning buildings in Waraisuplia village in Kayah State, Myanmar where Myanmar's military is targeting civilians in air and ground attacks, Feb. 18, 2022.

In her report, the U.N. human rights chief presents a dismal picture of a country whose economy, security, freedoms, human rights, and future are systematically being destroyed. Thirteen months after a military coup overthrew Myanmar's democratically elected government, Michelle Bachelet says the human rights of the people are in profound crisis and the country is in total disarray.

She says formerly stable areas of the country are now beset by widespread violence. She says the economy is on the brink of collapse, with almost half of Myanmar's population of nearly 55 million expected to be plunged into poverty this year.

Despite the consequences, she says people continue to protest the military's harsh repression of their rights to freedom of assembly and expression. She says dissenters are severely punished, noting many are killed, subject to mass arbitrary arrests, and torture.

"Credible sources have recorded the deaths of over 1,600 individuals, many engaged in peaceful protest. At least 350 of those killed died in military custody, over 21 percent of the total deaths. Since the first of February 2021, over half a million people have been forced to flee their homes."

She notes at least 15,000 people have fled the country. This is in addition to the more than one million refugees in Bangladesh, most of them Rohingya Muslims. Most have sought asylum from violence and persecution at the hands of Myanmar's armed forces.

Bachelet says disproportionate military responses to armed resistance have taken place with ferocity in multiple ethnic states. She says the brutal operations employed to quell these areas resemble those employed against the Rohingya in Rakhine State in 2016 and 2017. She says such operations clearly violate international human rights and humanitarian law.

"Myanmar is increasingly at risk of state collapse, with shattered economic, education, health, and social protection systems. Collapse of the health system has had devastating consequences for Myanmar's COVID-19 response. The country's precious development gains have been destroyed by conflict and the military's abuse of power."

Bachelet says accountability remains crucial to any solution to this crisis. She urges the international community to take urgent action to halt violence in Myanmar and to respond to the acute humanitarian needs of the people.

Myanmar did not respond to the high commissioner’s report because the United Nations does not recognize the legitimacy of the military government.

https://www.voanews.com/a/un-myanmar-is-in-a-state-of-profound-humanitarian-crisis-/6494258.html

----------------------------------------------------------------------------------------------

## US Says Myanmar Committed Genocide Against Rohingya

By **AFP** | 21 March 2022

The United States has determined that the violence against the Rohingya minority committed by Myanmar’s military amounted to genocide and crimes against humanity, an official told AFP Sunday.

Hundreds of thousands of the mostly Muslim Rohingya community have fled Buddhist-majority Myanmar since 2017 after a military crackdown that is now the subject of a genocide case at the United Nations’ highest court in The Hague.

US Secretary of State Antony Blinken is due to officially announce the decision to designate that crackdown a genocide in remarks at the Holocaust Museum in Washington on Monday, where an exhibit on “Burma’s Path to Genocide” — using a former name for the country — is on display.

Blinken said in December last year during a visit to Malaysia that the United States was looking “very actively” at whether the treatment of the Rohingya might “constitute genocide.”

The State Department released a report in 2018 that detailed violence against the Rohingya in Rakhine State in Myanmar’s west as “extreme, large-scale, widespread and seemingly geared toward both terrorizing the population and driving out the Rohingya residents.”

“I’ll never forget the painful stories I heard in 2017 from members of the Rohingya community in Burma and Bangladesh—stories of violence and crimes against humanity,” US senator from Oregon Jeff Merkley tweeted Sunday evening about news of the genocide designation.

“Good to see the admin take this overdue step to hold this brutal regime accountable, which I’ve pushed for years,” he said.

Around 850,000 Rohingya are languishing in camps in neighboring Bangladesh, recounting mass killings and rape, while another 600,000 members of the community remain in Rakhine where they report widespread oppression.

A legal designation of genocide—defined by the UN as acts “committed with intent to destroy, in whole or part, a national, ethnical, racial or religious group”—could be followed by further sanctions and limits on aid, among other penalties against the already-isolated military junta, The New York Times reported.

The United States slapped a series of sanctions on the country's leaders and, like other Western nations, has long restricted weapons to its armed forces, which even before the junta took power faced allegations of crimes against humanity for the brutal campaign against the Rohingya.

The case opened against Myanmar by Gambia at the International Court of Justice in 2019 has been complicated by last year's coup that ousted civilian leader Daw Aung San Suu Kyi and her government, triggering mass protests and a bloody crackdown.

The Nobel peace laureate, who faced criticism from rights groups for her involvement in the Rohingya case, is now under house arrest and on trial by the same generals she defended at The Hague.

The administration of President Barack Obama pumped large amounts of political capital into Myanmar's transition to a fledgling democracy, offering financial help and diplomatic support.

But the US also made clear its discomfort at ongoing violence between Myanmar's army and ethnic rebels as well as religious violence and discriminatory policies particularly targeting the Rohingya.

https://www.irrawaddy.com/news/burma/us-says-myanmar-committed-genocide-against-rohingya.html

-------------------------------------------------------------------------------------------------

## US genocide declaration seen as a 'way forward' to justice for Rohingya

Rights groups welcomed Blinken's announcement, but some advocates said the true test will come in follow-on action.

**By Roseanne Gerin and Khin Maung Soe** | 2022.03.21




US Secretary of State Antony Blinken tours the "Burma's Path To Genocide" exhibit at the United States Holocaust Memorial Museum in Washington, DC, March 21, 2022. AFP

Rights groups on Monday welcomed the U.S.'s declaration that the Myanmar military committed genocide and crimes against humanity against the Rohingya in 2017, but some advocates said the alleged perpetrators must actually be punished to deter more atrocities in the country.

U.S. Secretary of State Antony Blinken said the genocide determination was "based on reviewing a factual assessment and legal analysis prepared by the State Department," including documentation from groups including Amnesty International and Human Rights Watch and his department's "own rigorous fact-finding."

The brutal 2017 crackdown against members of the Muslim minority group in western Myanmar's Rakhine state left thousands dead and drove more than 740,000 Rohingya to flee into neighboring Bangladesh. A crackdown in 2016 drove out more than 90,000 Rohingya from Rakhine.

The vast majority of those who fled the violence are still living in sprawling refugee camps in southeastern Bangladesh.

"We hope that by this determination, for the future of our country, the perpetrators from the military leadership will be [under] a lot more pressure from the international community," Tun Khin, president of Burmese Rohingya Organisation UK, who attended the event at the U.S. Holocaust Memorial Museum, told RFA.

"I believe this will open up a way forward in order to get justice for the Rohingya people, other ethnic minorities, as well as for the citizens of Myanmar who are suffering killings and other human rights abuses every day by the military," he said.

But Murray Hiebert, a senior associate of the Southeast Asia Program at the Center for Strategic and International Studies in Washington, noted that sanctions already imposed by the U.S. and its allies on Myanmar generals deemed responsible for the crackdown have not seemed to alter the military's brutal behavior.

The military still overthrew the elected government in a coup in February 2021 and has since attacked and killed thousands of citizens, he said. Additional sanctions at the United Nations would likely be blocked by China and Russia, Hiebert wrote in an email.

"Some human rights activists have called on the Biden administration to cut off oil and gas exports from Myanmar," he said.

Maung Zarni, a Burmese research fellow at the Genocide Documentation Center-Cambodia and an adviser to the Genocide Watch, told RFA that Monday's announcement must be followed by specific steps to punish the offenders.

"Unless this determination is translated into a concrete set of actions aimed at dealing the severest blow to the Burmese military, the principal perpetrating institution, it will have absolutely no deterrence effect on the ground," he said via email.

Maung Zarni called the Biden administration to lead a global effort with the European Union, the U.K. and other democratic states to turn Myanmar into an international pariah, as they are doing with waves of crippling trade, financial, commercial and multilateral sanctions against Russia in response to the invasion of Ukraine.

**'Remarkable milestone'**

Christina Fink, a cultural anthropology professor at George Washington University who specializes in Myanmar, said Blinken's determination will be deeply meaningful for the Rohingya, even though the wider consequences of labeling what happened in Rakhine a genocide are not immediately clear.

“They have experienced horrific physical and emotional violence at the hands of the Myanmar military, but on top of that, they have not been fully believed by fellow residents in Myanmar or by all governments,” she said via email. “The U.S. government’s determination that the Rohingya have indeed experienced crimes against humanity and genocide restores dignity to the Rohingya people.”

Fink said the determination could influence an ongoing case brought by Gambia to the International Court of Justice (ICJ). The West African nation has accused Myanmar’s military leadership of violating the 1948 Genocide Convention in Rohingya areas.

“The Myanmar military regime has tried to downplay the case saying that it’s just brought by the Gambia with the support of Muslim-majority countries because most Rohingya are Muslim,” she said. “The U.S. government’s determination demonstrates that this is not about religious affinity but about the rights of all human beings to citizenship, security and opportunity.”

Wai Wai Nu, a former political prisoner and founder and executive director of the Women’s Peace Network in Myanmar, told RFA that the determination was important for the Rohingya who were killed or displaced and for their families.

“A genocide determination by a powerful country like the United States is like an official pledge or promise that it will help end the human rights violations, including the genocide in our country,” she said.

Southeast Asian rights group Fortify Rights, which has documented the violence against the Rohingya, called the determination “historic” and called on U.N. member states to publicly acknowledge the Rohingya genocide in Myanmar and for the U.N. Security Council to put forward a resolution to refer the situation to the International Criminal Court, which unlike the ICJ can prosecute individuals.

“It is a signaling and remarkable milestone for Rohingya victims and survivors that the U.S. has formally determined that the violence committed against Rohingya by the Myanmar military amounts to genocide and crimes against humanity,” said Zaw Win, human rights specialist at Fortify Rights, in a statement. “It has been a long-term expectation for the Rohingya community.”

In Bangladesh, where the Rohingya refugees now live, Bangladeshi Home Minister Asaduzzaman Khan also welcomed the Biden administration’s decision.

“The U.S. announcement would help restore the civil rights of the Rohingya in Myanmar and speed up their repatriation,” he told BenarNews, an RFA-affiliated online news service. “The international community and all peoples should know about the genocide and other inhuman atrocities committed against the Rohingya in Myanmar.”

Dil Mohammad, a Rohingya leader living in a no-man’s land at the Bangladesh-Myanmar border in Bandarban district told BenarNews: “The massacre of the Rohingya in Myanmar is a classic example of genocide. The international community believed it, but they did not officially recognize it.

“This is no doubt that the U.S. designation of genocide is positive for the Rohingya,” he said.

***Translated by RFA’s Myanmar Service. Additional reporting by BenarNews, an RFA-affiliated online news service. Written in English by Roseanne Gerin.***

https://www.rfa.org/english/news/myanmar/genocide-determination-03212022194835.html

-----------------------------------------------------------------------------------------------------

## ကလေးနယ်တိုက်ပွဲ စစ်ကောင်စီတပ်သား ၁၇ ဦးသေဆုံးကာ PDF ၁ ဦးဒဏ်ရာရ ဟုဆို

By မဇ္ဈိမ | 21 March 2022

ကလေးမြို့အနီး ရေစိုရွာနှင့် ဟားခါးလေးရွာ မြောက်ဘက် တောင်ကျောအနီး ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် စစ်ကောင်စီ တပ်သား ၁၇ ဦးသေဆုံးကာ PDF (Kalay) တပ်ဖွဲ့ဝင် တစ်ဦး ထိခိုက် ဒါဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ယမန်နေ့ မတ်လ ၂၀ ရက် နံနက် ၇ နာရီမှ စတင်ကာ အင်အား ၁၀၀ ကျော်ဖြင့် စစ်ကြောင်း ထိုးလာသော စစ်ကောင်စီတပ်များအား ဒေသခံ ကာကွယ်ရေး ပူးပေါင်းတပ်များ အသင့် စောင့်ဆိုင်းကာ တိုက်ခိုက်ကြခြင်း ဖြစ်သည်။

ထိုစစ်ကြောင်းသည် မတ်လ ၁၈ ရက်နေ့မှ စတင်၍ ဟဲလုပ်ကျေးရွာနှင့် ခွဲကြိမ်ကျေးရွာ အကြားမှ အနောက်ဘက် တောင်ကျောပေါ်သို့ စစ်ကြောင်း ထိုးလာခဲ့ပြီး မတ်လ ၁၉ ရက်နေ့တွင် မြောက်ဘက်သို့ ဦးတည် ရွေ့လျားကာ ကလေးမြို့နယ်နှင့် ဖလမ်းမြို့နယ် အစပ် ပန်းမွန်ချောင်းကျေးရွာနှင့် ရေစိုကျေးရွာများ ဘက်သို့ ဆက်လက် ဦးတည်လာခြင်း ဖြစ်သည်။

တိုက်ပွဲတွင် ကလေး PDF တပ်ရင်း (၆) မှ စနိုက်ပါ ရဲဘော်များလည်း ပါဝင်ပြီး စစ်ကောင်စီ တပ်သား စုစုပေါင်း ခြောက်ဦး အထိ ၎င်းတို့ ကိုယ်တိုင် ရှင်းလင်း နိုင်ခဲ့ကြောင်း တပ်ရင်း (၆) ပြန်ကြားရေး တာဝန်ခံ ကိုဂျပန်ကြီးက ပြောသည်။

“ ကျွန်တော်တို့ ရဲဘော်တွေလည်း ပူးပေါင်း တိုက်ပွဲဝင်တဲ့ အထဲ ပါပါတယ်၊ စနိုက်ပါ တပ်သားတွေတော့ အများစု ပါတယ်၊ သူတို့ ကိုယ်တိုင် ပစ်လိုက်ရပြီး ထိမှန် သေဆုံးသွားတဲ့ စစ်သား အရေအတွက် ကတော့ ခြောက်ယောက်လောက် အတည်ပြုနိုင်ပါတယ်” ဟု တိုက်ပွဲတွင် စစ်ကောင်စီ တပ်သားများ ထိခိုက် သေဆုံးပုံကို အတည်ပြု ပြောသည်။

တပ်ရင်း (၆)မှ တိုက်ပွဲပြန် ရဲဘော်များအား စခန်းရှိ ရဲဘော် ရဲမေများက ပန်းကုံးစွတ် ကြိုဆိုကြသည့် ရုပ်သံဖိုင်တွင်လည်း ရဲဘော်များ ကိုယ်တိုင် စစ်ကောင်စီ တပ်သားများအား ရှင်းလင်းနိုင်ပုံအား ပြောပြထားသည်ကို တွေ့ရသည်။

၎င်းတို့ထဲမှ တပ်သားတစ်ဦး ပြောပြရာတွင် ”သုံးကောင်လောက်တော့ အေးဆေး ရှောတယ်၊ တုန်းကနဲ လဲကျသွားတာပဲ” ဟု သူကိုယ်တိုင် ပစ်ခတ်လိုက်ရာတွင် စစ်ကောင်စီ တပ်သားများ သေဆုံးပုံကို ပြောသည်။

တိုက်ပွဲသည် နှစ်နာရီခန့် ကြာမြင့်ပြီး PDF (Kalay)၊ Zomi PDF နှင့် CNDF ပူးပေါင်း တပ်ဖွဲ့များက ပူးပေါင်း တိုက်ခိုက်ကြခြင်း ဖြစ်သည်။ တိုက်ပွဲတွင် ကာကွယ်ရေး တပ်သား တစ်ဦး ထိခိုက် ဒဏ်ရာ ရကြောင်းအား "ပူးပေါင်း တပ်ဖွဲ့များဘက်မှ PDF (Kalay) တပ်ဖွဲ့ဝင် တစ်ဦး ထိခိုက် ဒါဏ်ရာ ရရှိခဲ့ပါသည် (မစိုးရိမ်ရပါ)” ဟု  PDF (Kalay) တပ်ဖွဲ့ စစ်ရေး သတင်းတွင် ထုတ်ပြန်ထားသည်။

စစ်ကောင်စီတပ်များ ကျဆုံးသည့် အရေအတွက်အား နှစ်နာရီကြာ တိုက်ပွဲတွင် ၁၅ ဦး ကျဆုံးသည်ဟု PDF (Kalay) က ထုတ်ပြန်သည်။ ထို့နောက် စစ်ကောင်စီတပ်များသည် တိုက်ပွဲ ဖြစ်ပွားရာနေရာမှ ချောင်းခွကျေးရွာ

ဘက်သို့ ဆုတ်ခွာ သွားခဲ့ပြီး၊ ထိုမှ တစ်ဆင့် အောင်ချမ်းသာကျေးရွာ ဘက်သို့ ဦးတည်၍ ဆက်လက် ဆုတ်ခွာနေစဉ် နံနက် ၁၁ နာရီခွဲ ခန့်တွင် အောင်ချမ်းသာကျေးရွာ၏ အရှေ့တောင်ဘက် တောတန်း အတွင်း PDF (Kalay)၊ CNDF နှင့် CDF (KKG) ပူးပေါင်း တပ်ဖွဲ့များ ထပ်မံ ကြားဖြတ် တိုက်ခိုက်ခဲ့ပြီး နာရီဝက်ခန့် တိုက်ပွဲ ပြင်းထန်ခဲ့ကာ စစ်ကောင်စီ တပ်ဖွဲ့ဝင် နှစ်ဦး ထပ်မံ သေဆုံးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တိုက်ပွဲတွင် ဒေသခံ ပူးပေါင်း တပ်ဖွဲ့ဝင်များ ကျဆုံးမှု မရှိခဲ့သော်လည်း  မတ်လ ၁၉ ရက်နေ့တွင် စစ်ကောင်စီ စစ်ကြောင်းကို ရင်ဆိုင်ခုခံရန် ပြင်ဆင်နေစဉ် မိုင်းမတော်မဆမှု ဖြစ်၍ PDF (Kalay) တပ်ဖွဲ့ဝင် တစ်ဦး အသက်ပေးဆပ် စွန့်လွှတ်ခဲ့ရကြောင်း PDF (Kalay) က ထုတ်ပြန်ထားသည်။

တိုက်ပွဲဖြစ်ပွားရာ ရေစိုရွာနှင့် ဟားခါးလေးကျေးရွာသည် ကလေးမြို့နှင့် မိုင်၂၀ ခန့်ဝေးပြီး ကလေး-ဂန့်ဂေါ လမ်းမကြီး အနီးတွင်ရှိသည်။

စစ်ကောင်စီတပ် စစ်ကြောင်းများသည် ကလေးမြို့ ဂန့်ဂေါလမ်းမကြီး အနီးရှိ  နတ်မြောင်း၊ နတ်ချောင်းရွာ များအား မတ်လ ၁၄ ရက်နေ့တွင် ဝင်ရောက် တပ်စွဲပြီး  နေအိမ် ၇၂ လုံးအထိ မီးရှို့သွားခဲ့ကာ၊ ရွာငယ်များ ဖြစ်သည့် အောင်ချမ်းသာရွာမှ နေအိမ် ၁၆ လုံးနှင့် ဂိုဒေါင် အချို့အား မီးရှို့သွားသည်။

https://www.mizzimaburmese.com/article/102464

----------------------------------------------------------------------------------------------------

## ဂန့်ဂေါမြို့နယ် နှမ်းခါးရွာအနီး တိုက်ပွဲ၌ PDF ၅ ဦး ကျဆုံး

By မဇ္ဈိမ | 21 March 2022



မကွေးတိုင်း ၊ ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ အရှေ့ဘက်၌ စစ်ကောင်စီတပ်နှင့် ဖြစ်ပွားသည့် တိုက်ပွဲတွင် ဒေသ ပြည်သူ့ကာကွယ်ရေးတပ်သား (PDF) ငါးဦး ကျဆုံးကာ လေးဦး ဒဏ်ရာ ရခဲ့ကြောင်း ဒေသခံများ ထံက သိရသည်။

ကလေးမြို့ဘက်မှ ဆင်းလာသော အင်အား ၂၀၀ ဝန်းကျင်ရှိ စစ်ကောင်စီတပ်နှင့် ဒေသ ပြည်သူ့ ကာကွယ်ရေး တပ်များ ယမန်နေ့ မတ်လ ၂၀ ရက်နေ့ နေ့လယ် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီထိ တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

“ ကျဆုံး ရဲဘော်တွေရဲ့ ရုပ်အလောင်းတွေက အခုထိ မကောက်ယူ နိုင်သေးဘူး။ သူတို့ဘက်က စနိုက်ပါ၊ လက်နက်ကြီး နဲ့ လှမ်းပစ်နေတာ။ အသက် ၃၀ ကျော် အရွယ်တွေ ပါတယ်။ အသက် ၂၀ ကျော်က တစ်ယောက်ပဲ ပါတယ်။ ဒဏ်ရာ ရတာက ခြေထောက် ကျည်မှန် ၊ ခြေချင်းဝတ် မှန်တယ်။ ကျောဘက် မှန်တယ်။ နောက်တစ်ယောက်က နဖူး ကျည် ရှပ်မှန်တယ်။ တစ်ယောက်ဆို တောင်ယာထဲ ဒဏ်ရာရပြီး လဲနေတယ်။ ခက်ခက်ခဲခဲ ညပိုင်းမှာ သွားကယ်ရတယ် “ဟု ဒေသခံ တစ်ဦးက ပြောသည်။

အဆိုပါ တိုက်ပွဲကို တောင်ခရမ်းရွာ ရဲစခန်းကလည်း လက်နက်ကြီးများဖြင့် ပစ်ကူ ခဲ့သည်ဟု ဆိုသည်။ နှမ်းခါးကျေးရွာနှင့် တောင်ခရမ်း ကျေးရွာသည် ခြောက်မိုင်ခန့်သာ ကွာဝေးသည်ဟု ဆိုသည်။

‘’ လက်နက်ကြီး တွေနဲ့ ပစ်ကူပေးတယ်။ စစ်ကောင်စီဘက်က ပစ်တဲ့ လက်နက်ကြီးသံဆို ဘယ်နှစ်ချက် ရှိမှန်းတောင် မမှတ်နိုင်ဘူး “ ဟု ဒေသခံက ပြောသည်။

တိုက်ပွဲနှင့် ပတ်သက်ပြီး ဒေသ ကာကွယ်ရေး တပ်ဖွဲ့များက သတင်း ထုတ်ပြန်ခြင်း မရှိသေးပေ။

လက်ရှိတွင် အဆိုပါ တိုက်ပွဲနေရာသို့ အင်အား ဖြည့်တင်းရန် စစ်ကောင်စီ စစ်ကားလေးစီး ကလေးမြို့မှ ထွက်ခွာ လာနေကြောင်း ဒေသခံများက ပြောသည်။

တိုက်ပွဲ ဖြစ်ပွားရာ အနီးရှိ ကျေးရွာများ ဖြစ်သော ကုန်းရွာ၊ အလယ်ရွာ ၊ ရွာမ ၊မြစ်သား ၊ သာစည် ၊ယင်းလှ နှင့် နှမ်းခါး ကျေးရွာ များရှိ ပြည်သူများသည် နီးစပ်ရာ တောများထဲသို့ စစ်ဘေး ရှောင်နေရသည်။

ပုံစာ- မတ်လ ၂၀ ရက်နေ့ တိုက်ပွဲအတွင်း ကျဆုံးသွားသည့်ပြည်သူ့ကာကွယ်ရေး တပ်သား တစ်ဦး။

https://www.mizzimaburmese.com/article/102439

-----------------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင်အယောက် ၇၀ ခန့် သေဆုံးဟု NUG ထုတ်ပြန်

Published By DVB | 21 March, 2022




ပြည်သူ့ခုခံတော်လှန်စစ်အတွင်း မတ် ၂၀ ရက် တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၇၀ နီးပါး သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

ခုထုတ်ပြန်ထားတဲ့ အချက်လက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၁၈ ယောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနဲ့ တနင်္သာရီတိုင်းတွေမှာ ၁ ကြိမ်စီ၊ မကွေးတိုင်းမှာ ၂ ကြိမ်၊ မန္တလေးတိုင်းမှာ ၃ ကြိမ်၊ စစ်ကိုင်းတိုင်းမှာ ၁၀ ကြိမ်နဲ့ အများဆုံးဖြစ်ပွားခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် မြန်မာပြည်တွင်း ပြည်သူ့ခုခံတော်လှန်စစ် အရှိန်မြှင့်ဖြစ်ပွားနေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်ကနေ မတ် ၆ ရက်အထိ ၁ လအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀၉၅ ယောက် သေဆုံးခဲ့တယ်လို့လည်း NUG က ထုတ်ပြန်ထားပါတယ်။

ဒါဟာ NUG အစိုးရက အရေးပေါ်အခြေအနေ ကြေညာချက် ထုတ်ပြန်ပြီးကာလ ဆဋ္ဌမ ၁ လတာအတွင်း စာရင်းကောက်ယူထုတ်ပြန်ထားတာဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၆၃၇ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/523255

-----------------------------------------------------------------------------------------------

## “အသက်ရှင်းပြီး အာဏာရှင်ကို တော်လှန်ဖို့ လက်နက်ထောက်ပံ့ပေးပါ”

By SHAN - March 20, 2022

“မိုးရေထဲမှာ ၃ ရက် စစ်ရေးလေ့ကျင့်ရချိန်တုန်းက တော်တော်ခံရတယ်။ လေးဖက်နာ ဝေဒနာရှိတော့ ခံနိုင်ရည် သိပ်မရှိဘူးလေ” လို့ စစ်သင်တန်း ပထမဆုံး စလေ့ကျင့်စဉ်က အဖြစ်အပျက်ကို ရဲဘော် အာရှိန်း က ပြန်ပြောပြနေပါတယ်။



ရဲဘော်အာရှိုင်း ဟာ အသက် ၂၃ နှစ် အရွယ်သာရှိပြီး လေးဖက်နာရောဂါအခံ ရှိထားသူဖြစ်ပေမယ့် စစ်အာဏာရှင်ကို တိုက်ထုတ်ဖို့အတွက် ရောဂါကို ဘေးဖယ်ထားပြီး မိုးရေထဲ စစ်ရေးလေ့ကျင့်ခဲ့ရသူ ဖြစ်ပါတယ်။

သူဟာ သျှမ်းပြည်သားဖြစ်ပြီး စစ်အာဏာသိမ်းပြီးနောက် ဆန္ဒပြသပိတ် ဦးဆောင်သူတစ်ဦးဖြစ်တဲ့အတွက် ကရင်နီဒေသသို့ ထွက်ပြေးလာရပြီး ပြည်သူ့ကာကွယ်ရေးတပ် PDF ကို ဝင်ရောက်ကာ လက်နက်ကိုင် တော်လှန်ရေးတပ်သား ဖြစ်လာပါတယ်။

"ကျနော်တို့ လက်ညှိုးသုံးချောင်းထောင်နေရုံနဲ့တော့ မထူးနိုင်တော့ဘူး။ စစ်တပ်ကလည်း ဖမ်းဆီးမှုရှိလာတော့ လက်နက်ကိုင်ပြီး ကျနော်တို့လိုချင်တာ တိုက်ယူဖို့ KNDF ထဲကို ဝင်ရောက်လာခဲ့တာပါ" လို့ ရဲဘော်အာရှိုင်းက PDF ထဲ ဝင်ရောက်လာပုံအကြောင်းကို ပြောပြပါတယ်။




ရဲဘော်အာရှိုင်းဟာ စစ်သင်တန်းတက်ပြီးနောက် မဟာမိတ်တပ်ဖွဲ့ဝင်တွေနဲ့ပူးပေါင်းပြီး စစ်ကောင်စီတပ်ဖွဲ့တွေကို ကိုယ်တိုင်ကိုယ်ကျ ရှေ့တန်းထွက်တိုက်နေတဲ့ KNDF တပ်ရင်း ၇ တပ်ခွဲ ၄ က တပ်ဖွဲ့ထိန်းမှူး ဖြစ်နေပါပြီ။

သူကတော့ စစ်သင်တန်းတက်စဉ်မှာ အခက်အခဲ ပင်ပန်းမှုတွေ စုံလင်စွာ ကြုံတွေ့ခဲ့ရတဲ့အပြင် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်က သျှမ်း – ကယားနယ်စပ် နန်းမယ်ခုံတိုက်ပွဲမှာ အသက်ဘေးမှ လွတ်မြောက်လာခဲ့သူလည်း ဖြစ်ပါတယ်။

"စစ်သင်တန်းတက်နေတဲ့ တချိန်လုံး အခက်အခဲတွေများစွာ ကြုံရပေမဲ့ နောက်ဆုတ်ဖို့ တစက်ကလေးမှ မတွေးဘူး၊ ဘာကြောင့်လဲဆိုရင် ဒီကောင်တွေက လက်နက်အားကိုးနဲ့ လက်နက်မရှိတဲ့ပြည်သူတွေကို ပစ်သတ်နေတာ။ ကျနော်တို့က လက်နက်ကိုင်ပြီး ပြန်တော်လှန်မှရမယ် ဆိုတဲ့စိတ်နဲ့ ဘယ်လောက်ပဲထိခိုက် ခက်ခဲနေပါစေ နောက်ဆုတ်ဖို့ မတွေးဖူးဘူး" လို့ ရဲဘော်အာရှိုင်းက ပြတ်သားစွာ ပြောဆိုလိုက်ပါတယ်။



ဒါ့အပြင် ရှေ့တန်းကိုထွက်ခါနီးအချိန် နှစ်ရက်အလို အမေနဲ့ သား ၂ ယောက်တည်းကျန်တဲ့ မိသားစုမှာ (ဖေဖော်ဝါရီ ၁၄) အမေဖြစ်သူ ဆုံးသွားတဲ့ သတင်းကြောင့် အာရှိုင်းတယောက် ဆောက်တည်ရာမရ ဖြစ်သွားခဲ့ရပါတယ်။

စစ်ကောင်စီတို့ အလိုရှိနေတဲ့ သူ တစ်ဦးဖြစ်နေတဲ့အတွက် အမေရဲ့ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခွင့် မရှိပေမဲ့ စိတ်ဓါတ်ကို ပြန်တင်းပြီး တိုက်ပွဲဝင်ခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီ တပ်ဖွဲ့ ဟာ ယနေ့ချိန်ထိ သျှမ်းတောင်နှင့် ကရင်နီပြည် အစပ်မှာ ပြင်းထန်စွာ ထိုးစစ်ဆင် နေပါတယ်။

အဲ့ဒီလို ပြင်းထန်စွာ ထိုးစစ်ဆင်နေမှုတွေကြောင့် ရဲဘော်အာရှိုင်းတို့ဟာ သာမာန်ကျောင်းသားလူငယ်ဘဝကနေ သေနတ်သံ လက်နက်ကြီးသံတွေနဲ့ ယှဉ်ပါးလာပြီး ပြန်တော်လှန်ပစ်ခတ်ဖို့လည်း လက်နက်အင်အားမရှိတာကြောင့် အသက်အတွက် ကံတရားကို ယုံကြည်ထားတယ်လို့ ပြောဆိုလာပါတယ်။

“သေနတ်ကို ကြောက်တဲ့အဆင့်ကနေ လက်နက်ကြီးကို ကြောက်တယ်၊ လက်နက်ကြီးကြောက်ရာကနေ လေယာဉ်နဲ့ လာချမှာကို ကြောက်ရတယ်၊ ဒါပေမဲ့ အခုချိန်မှာတော့ အရာရာကို ကံတရားလို့ပဲ သတ်မှတ်လိုက်တယ်၊ လေယာဉ်ကို ပစ်တဲ့ လက်နက် ကျနော်တို့မှာ မရှိဘူး” လို့ ရဲဘော်အာရှိုင်းက ခံပြင်းသံနဲ့ ပြောဆိုလာပါတယ်။

လက်ရှိ ဒီအာဏာရှင်တော်လှန်ရေးအခန်းကဏ္ဍကနေ လက်နက်ကိုင်တိုက်ပွဲဝင်ကြတဲ့ တချို့သက်ငယ်ပိုင်း လူငယ်လေးတွေဟာ နိုင်ငံအာဏာသိမ်းမှုမဖြစ်ပွားခင်က သူတို့စိတ်ဝင်စားတဲ့ နည်းပညာ ပညာရေးနဲ့ လူမှုရေး နယ်ပယ်ထဲမှာ ကျင်လည်နေရင်း နိုင်ငံရေးအကြောင်းကိစ္စတွေကို ဥပေက္ခာ ပြုထားကျတဲ့သူတွေ ဖြစ်ပါတယ်။

၂၀၂၁ အာဏာသိမ်းခံရပြီးတဲ့ နောက်ပိုင်းမှာတော့ သူတို့ဟာ ရှေ့တန်းကိုရောက်လာကြပါတယ်၊ နိုင်ငံရေး လှုပ်ရှားမှုထက် တော်လှန်ရေးအင်အားစုဖြစ်တဲ့ ဒီလူငယ်အင်အားစုတွေဟာ သူတို့လိုချင်တဲ့ နိုင်ငံအနာဂတ် သူတို့အနာဂါတ်ကို သူတို့ကိုယ်တိုင် ဖော်ဆောင်တိုက်ခိုက်ပြီး ရယူဖို့ ကြိုးစားနေကြတာပါ။

သူတို့ယုံကြည်ချက်က သူတို့မျှော်လင့်ချက်နဲ့ အိပ်မက်တွေကို ဖျက်စီးတဲ့ စစ်အုပ်စု အာဏာရှင်အုပ်စုကို တော်လှန်ဖို့သာ ဖြစ်တယ်။

စစ်အာဏာရှင် ဆန့်ကျင်ရေးအတွက် ဆန္ဒပြပွဲတွေမှာ အမျိုးသမီးတွေ ပါဝင်ခဲ့သလို အခုလို လက်နက်စွဲကိုင် တော်လှန်နေကြတဲ့အထဲမှာလည်း အမျိုးသမီးတွေများစွာက ကျရာအခန်းကဏ္ဍ အသီးသီးကနေ ပါဝင် နေကြပါတယ်။

“စစ်ကောင်စီနဲ့ တိုက်ခိုက်တဲ့အခါမှာ လက်နက်မရှိလို့ တိုက်နိုင်သင့်သလောက် မတိုက်နိုင်ဘူး၊ ဒါကြောင့် ဒီလက်နက်တွေ ရရှိလာအောင်လို့ ကျမက ဘဏ္ဍာရှာဖွေရေး ကဏ္ဍမှာ ပါဝင်လုပ်ဆောင်ခဲ့တယ်” လို့ ရဲဝင့်စွာ ပြောပြလာသူကတော့ မထက်ထက်အောင် ဖြစ်ပါတယ်။

သူမဟာ အရင်က မိဘလုပ်ငန်းတစ်ဖက်နဲ့ တက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်နေပြီး အစပိုင်းမှာတော့ သူမရဲ့ မိဘတွေအနေနဲ့ လက်နက်ကိုင်တော်လှန်ဖို့ဆိုတာကို လက်မခံခဲ့တဲ့ကြား မရမက တောခိုထွက်လာခဲ့တယ်လို့လည်း မထက်ထက်အောင်က အတိတ်က အဖြစ်အပျက်တွေကို ပြောပါတယ်။

အာဏာမသိမ်းခင်အချိန်မှာ တော်လှန်ရေးတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်လာမယ်လို့ မထက်ထက်အောင်လို အမျိုးသမီးတွေက စိတ်ကူးမရှိခဲ့ပါဘူး။ ဒါပေမဲ့ စစ်တပ်ရဲ့ ပြည်သူအပေါ် သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေကို မြင်တွေ့ရပြီးတဲ့အခါမှာတော့ လက်နက်ကိုင်တော်လှန်ရေး အမျိုးသမီးတစ်ဦး ဖြစ်လာခဲ့ပါတော့တယ်။



“ဒါတွေအားလုံး မဖြစ်ခင်တုန်းကဆို ကျမက အိမ်ကအလုပ်နဲ့ ကျမကျောင်းစာကိုပဲ စိတ်ဝင်စားတဲ့သူ၊ တောထဲမှာနေရတာ မြေကြီးပေါ်မှာ အိပ်ရတယ်၊ ပြီးတော့ အိမ်သာတက်ရတဲ့ကိစ္စ အလေ့အကျင့်ဖြစ်အောင် လုပ်ရတာ အခက်ဆုံးပဲ၊ ဒါပေမဲ့ စခန်းကရဲဘော်တွေအားပေးမှုနဲ့ အချင်းချင်း ကူညီစောင့်ရှောက်မှုတွေကြောင့် ကျမ အားလုံးကို ဖြတ်ကျော်နိုင်ခဲ့တယ်” လို့ မထက်ထက်အောင်က ဆက်ပြောထားပါတယ်။

အခုဆိုရင်လည်း မထက်ထက်အောင်တို့လို အာဏာရှင်ဆန့်ကျင်ရေးမှာ ပါဝင်နေတဲ့ သူတွေဟာ တချို့ဆိုရင် မိဘရဲ့ အမွေပြတ် စွန့်လွှတ်တာတွေ၊ တချို့က ကိုယ့်အိမ်မှာ နေခွင့်မရဘဲ တိမ်းရှောင်နေရတာတွေ၊ နေအိမ်တွေ၊ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှုတွေကို ချိတ်ပိတ်ခံရတာတွေနဲ့ မိသားစုဝင်တွေ ဆုံးရှုံးခံရတာတွေ စတဲ့ ဒုက္ခမျိုးစုံတွေ များလာလေ စစ်ကောင်စီကို လက်နက်ကိုင်လမ်းစဉ်နဲ့ တော်လှန်ဖို့ စိတ်ဓာတ်ခိုင်လာကြပါတယ်။

“သာမန်ကျောင်းသူဘဝကနေ အခုလို လက်နက်ကိုင် တော်လှန်ရေးသမားဖြစ်လာတော့ ခံစားချက်အရဆိုရင် အရမ်းနာကျည်းဖို့တော့ ကောင်းတယ်” လို့ မထက်ထက်အောင်က ပြောပါတယ်။

လက်ရှိမှာတော့ ပြည်သူ့ကာကွယ်ရေးတပ် PDF တွေလို့ ခေါ်ဆိုကြတဲ့ အာဏာရှင်ကိုတိုက်နေတဲ့ တပ်ဖွဲ့တွေဟာ စစ်ကောင်စီတပ် ယာဉ်တန်းတွေကို တိုက်ခိုက်တာ၊ စစ်အစိုးရကို အလုပ်လုပ်ပေးပြီး သစ္စာခံနေတဲ့သူတွေကို လုပ်ကြံတာတွေ လုပ်ဆောင်နေပြီး သိမ်းဆည်းရမိတဲ့သေနတ်တွေ ဒါမှမဟုတ် ကိုယ့်တိုင်ဖန်တီးထားတဲ့ အိမ်လုပ်သေနတ်တွေနဲ့ ဖောက်ခွဲရေးပစ္စည်းတွေကို အသုံးပြု တိုက်ခိုက်နေကြပါတယ်။

"ကျနော်တို့အတွက် လက်နက်ပိုင်းထောက်ပံ့ပေးပါ။ ကျနော်တို့က အသက်နဲ့ ရင်းပါ့မယ်၊ လက်နက်တွေသာ လုံလောက်ရင်၊ ဒီလောက်ထိ ဈေးမကြီးရင်၊ ရဲဘော်တွေလည်း အဲ့လောက်ထိကျမယ်မထင်ဘူး၊ အခုလက်နက်ဈေးက သိန်း ၁၈၀ နီးနီးရှိနေတော့ ကျနော်တို့ တော်လှန်ရေးတပ်သားအသက်တွေ စတေးခံနေရတယ်၊ လက်နက်ဈေးကြီးပြီး တော်လှန်ရေးအသက်က ဈေးပေါနေတယ်" လို့ ရဲဘော်အာရှိုင်းက ပြောဆိုထားပါတယ်။

နိုင်ငံတော်အာဏာကို လုယူသိမ်းဆည်းခဲ့တဲ့ စစ်ကောင်စီတပ်တွေဟာ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တွေရဲ့ ခြုံခို တိုက်ခိုက်မှုတွေ မြို့ပြပျောက်ကျားတပ်ဖွဲ့နဲ့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ စစ်ဆင်ရေးတွေကြောင့် အထိနာခဲ့ကြပါတယ်။

တစ်ဖက်မှာလည်း စစ်ကောင်စီတွေဟာ ကရင်နီဒေသအတွင်းက တော်လှန်ရေးအင်အားစုနဲ့ ဒေသခံပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့တွေကို စစ်ဆင်ရေးတွေ အထူးပြုလုပ်ပြီး နှိမ်နင်းနေတဲ့အပြင် ကျေးရွာတွေကို မီးရှို့ ဖျက်ဆီးတာတွေကိုလည်း အများအပြား ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် တော်လှန်ရေးမှာ မပါဝင်နိုင်အောင် အကြမ်းဖက်စစ်ကောင်စီက ပြည်သူလူထုကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ပေမဲ့ ပြည်သူတွေကတော့ အာဏာသိမ်းကာလ တစ်နှစ်ကျော်တဲ့အထိ စစ်အာဏာရှင် တွန်းလှန်လိုစိတ်တွေ မလျော့သွားပါဘူး။

https://burmese.shannews.org/archives/27434

---------------------------------------------------------------------------------------------------

## မီဇိုရမ်ရောက်မြန်မာဒုက္ခသည်တွေ ကျန်းမာရေးနဲ့စားသောက်ရေး အခက်တွေ့

21 မတ်၊ 2022 | ဆုမွန်

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက် ထွက်ပြေးခိုလှုံနေကြတဲ့ မြန်မာနိုင်ငံဘက်က ဒုက္ခသည်တွေဟာ ကျန်းမာရေး စောင့်ရှောက်မှုနဲ့ စားသောက်ရေးအခက်အခဲတွေ ရင်ဆိုင်နေကြရပါတယ်။ အလုပ်အကိုင် ရှားပါးပြီး ငွေကြေးမလုံလောက်တဲ့အတွက် ဆေးကု၊ ဆေးဝယ်စတာတွေ မလုပ်နိုင်ဘူးလို့ ဒုက္ခသည်တွေက ပြောပါတယ်။ မီဇိုရမ်အစိုးရနဲ့ ပရဟိတကူညီသူတွေက တတ်နိုင်သလောက် အကူအညီတွေပေးနေပေမယ့်လည်း ဒုက္ခသည်အများစုက အခက်အခဲတွေ ရှိနေတဲ့အကြောင်း ရန်ကုန်ကလာတဲ့ သတင်းကို မဆုမွန်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း၊ ဆန္ဒပြသူတွေကို စစ်ကောင်စီတပ်တွေက နှိမ်နင်းတာ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေနဲ့ တိုက်ပွဲတွေဖြစ်နေတာကြောင့် ချင်းပြည်နယ်နဲ့ ကပ်လျက် အိန္ဒိယပြည်နယ်၊ မီဇိုရမ်ပြည်နယ်ဘက်ကို သောင်းနဲ့ချီ ထွက်ပြေးခိုလှုံခဲ့ကြပါတယ်။ အဲဒီဒုက္ခသည်အများစုမှာ ဝင်ငွေမရှိလို့ နေရေး၊ စားရေး၊ ဆေးကုသရေးတို့ အခက်တွေ့ွနေကြပါတယ်။ နေမကောင်းဖြစ်ပေမယ့် ငွေကြေးမတတ်နိုင်လို့ ဆေးမကုနိုင်၊ ဆေးမဝယ်နိုင်ဖြစ်တဲ့အခြေအနေကို ဒုက္ခသည် တယောက်က ခုလို ပြောပြပါတယ်။

"စားရေးသောက်ရေးမှာလည်း ခက်ခဲတဲ့ဟာနဲ့၊ နေမကောင်း မကျန်းမာတဲ့အချိန် မှာ ဆေးဝယ်ဖို့၊ ပြီးတော့ ဆေးခန်းသွားပြဖို့ကယ်ရီခတွေ ခက်ခဲတဲ့လူတွေက လူဦးရေရဲ့ သုံးပုံမှာ နှစ်ပုံက ခက်ခဲနေရှိပါတယ်။ တချို့ကတော့ သူတို့ ရှိတဲ့လူဆီမှာ နည်းနည်းချေးတယ်။ အဲ့လိုမျိုးချေးငှားပြီးမှ ဆေးခန်းသွားပြီးမှ

ဆေးခန်းသွားပြတဲ့ လူတွေရှိသလို တချို့ဆိုရင်တော့ ဒီတိုင်း အောင့်အည်းပြီးမှ ပါရာစီတမောလေးနဲ့ အနီးအနားမှာ တောင်းပြီးမှ အဲ့လိုမျိုးတွေ ဖြေရှင်းတဲ့လူတွေလည်း ရှိပါတယ်။”

မြန်မာနိုင်ငံဘက်ကနေ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက် ထွက်ပြေးလာသူ ၃ သောင်းလောက်ရှိနေပြီး အဲ့ဒီထဲမှာ သုံးပုံ နှစ်ပုံလောက်ဟာ ငွေရေးကြေးရေး ခက်ခဲတဲ့ ပြဿနာနဲ့ ကြုံတွေ့နေကြရတာလို့ ပြောပါတယ်။ နိုင်ငံရပ်ခြားမှာရှိတဲ့ မိသားစု ဆွေမျိုးတွေတွေက ထောက်ပံ့သူတွေကလွဲလို့ တော်တော်များများ အဆင်မပြေဖြစ်နေကြတယ်လို့ နောက်ထပ် ဒုက္ခသည်တဦးက ပြောပြပါတယ်။

“တချို့ကတော့ သူတို့သားသမီးတွေ ညီအစ်ကိုမောင်နှမတွေ နိုင်ငံခြားမှာရှိတဲ့ လူကတော့ နည်းနည်းအဆင်ပြေတာပေါ့။ ဒါပေမယ့် လုံးဝ သားသမီးဟိုဘက်မှာ မရှိတဲ့ လူတွေဆိုတာ ပိုခက်ခဲရှိတယ်။ ကျနော်တို့ကလည်း မကူညီနိုင်ဘူးပေါ့။ ဟိုဘက်ကလည်း အကူအညီမရှိဘူးဆိုတော့ အခုလည်း ဆေးရုံမှာ တလလောက်တက်သွားပြီးလေး ငွေရေးကြေးရေးဘက်ကမှာ နည်းနည်းအဆင်မပြေဘူး။”

မီဇိုရမ်အစိုးရက မြန်မာနိုင်ငံဘက်က ဒုက္ခသည်တွေကို ဒုက္ခသည်အသိအမှတ်ပြု ကဒ်ပြားတွေထုတ်ပေးထားသလို အကူအညီပေးမှုတချို့ရှိပါတယ်။ ပရဟိတ ကူညီပေးသူတွေကလည်း လိုအပ်တဲ့ ဆန်၊ ဆီ၊ ပဲ၊ အာလူး စတဲ့ စားကုန်တွေ ထောက်ပံ့ပေးနေတာရှိပါတယ်။ ဒါပေမယ့် စစ်ဘေးဒုက္ခသည် လူဦးရေက များပြားတာကြောင့် စားရေးသောက်ရေးနဲ့ သောက်သုံးရေကအစ အခက်အခဲဖြစ်နေကြတာပါ။

“အခုလောလောဆယ် ပြဿနာကတော့ စားဝတ်နေရေးပဲ။ အဓိကတော့ ဆန်ပေါ့။ ပြီးတော့ ရေ-အခုလောလောဆယ်ပြဿနာကတော့။ ထောက်ပံ့မှုကတော့ ရတယ်လို့ပဲ ပြောရမှာပေါ့နော်။ ထောက်ပံ့တဲ့လူတွေက အခုတလော ဆန်နဲ့ ထောက်ပံ့တဲ့ဟာတော့ နည်းသေးတယ် အခု။”

အိန္ဒိယ မြန်မာနယ်စပ်မှာနေတဲ့ နောက်ထပ် ဒုက္ခသည်အမျိုးသမီးတဦးကတော့ သူ့နေတဲ့နေရာမှာ ဆန်၊ ဆီ၊ ပဲ အပြင် မီဇိုရမ်အစိုးရက မြန်မာဒုက္ခသည်တွေအတွက် မိသားစုတစုကို မြန်မာကျပ်ငွေ ၃၀,၀၀၀ လောက်အထိ တခါလေ ထောက်ပံ့ပေးတာမျိုးရှိတယ်လို့ ပြောပါတယ်။

“ငွေရေးကြေးရေးထောက်ပံ့မှုကတော့ တခါတလေကျတော့ ရတယ်၊ တခါတလေမှရတာ၊ အများဆုံးက တခါတလေကျရင် မြန်မာငွေ ၂၀,၀၀၀ တို့ ၃၀,၀၀၀ တို့ အဲ့ဒါတွေ ပေးတဲ့ အချိန်ရှိတယ်။ တခါတလေမှပဲ အဲ့ဒါက။ ကျမတို့နေတဲ့ နေရာက အားလုံးကို ပေးတာ။ ဒါပေမယ့် တခြားနေရာမှာသွားတဲ့လူကျတော့ ကျမ မသိဘူး။”

မြန်မာစစ်ဘေးဒုက္ခသည်တွေဟာ မီဇိုရမ်ပြည်နယ်မြို့တော် အိုင်ဇောလ်မြို့အပါအဝင် ခရိုင် ၁၁ ခုက ဒုက္ခသည်စခန်းတွေမှာ ဖြန့်ကျက်နေထိုင်နေကြသလို တချို့ က အိမ်ငှားနေထိုင်သူတွေလည်း ရှိနေပါတယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့လို့ အိန္ဒိယဘက် ထွက်ပြေးခိုလှုံနေတဲ့ ဒုက္ခသည်အမျိုးသမီးတဦးကလည်း သူ့ရဲ့ အခက်အခဲကို ခုလိုပြောပါတယ်။

“CDM အထောက်အပံ့တွေလည်း မရဘူး။ စားဝတ်နေရေးခက်ခဲတာပေါ့နော်။ အမျိုးတွေက အဲ့လို နည်းနည်းထောက်ပံ့လို့သာ စားနေရတာ။ အမျိုးတွေက မထောက်ပံ့ရင်တော့ မစားရဘူးပေါ့။ ခက်ခဲတော့ အများကြီးပါပဲ။ အိမ်လခတွေလည်း ဈေးကြီးတယ်။ အလုပ်အကိုင်က ဘာမှလုပ်ဖို့ မရှိဘူး၊ ဒီမှာ အလုပ်မရှိဘူး။ တခါတလေတောင်ယာအလုပ်တော့ရှိတယ် ဒါပဲ။”

ချင်းပြည်နယ်မှာ ချင်းပြည်သူ့ကာကွယ်ရေးအဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တွေ တိုက် ပွဲတွေဖြစ်နေတာကြောင့် အိန္ဒိယနိုင်ငံဘက် ထွက်ပြေးခိုလှုံကြသူတွေ နေ့စဉ်တိုးနေပါတယ်။ အဲဒီဒုက္ခသည်တွေအနေနဲ့ နေရေး၊ စားရေး၊ ကျန်းမာရေးစတဲ့ ကူညီစောင့်ရှောက်မှု လိုအပ်နေကြတာဖြစ်ပါတယ်။

https://burmese.voanews.com/a/myanmarviolence-myanmarrefugee-myanmarindia-voaburmese-မီဇိုရမ◌-စစ◌ေရွာင္ဒုကၡသည◌-က်န◌းမာေရး-စားေသာက◌ေရး-အခက◌ေတြ∧-cdm-ပီ◌ြအိုေအ-/6494199.html

-------------------------------------------------------------------------------------------

## ရေးမြို့နယ်တွင် စစ်တပ်က ပစ်သတ်ခဲ့သည့် ၁၅ နှစ်ကလေးအလောင်းကို မိသားစုထံပြန်မပေးဘဲ မီးသင်္ဂြိုဟ်

Published By DVB | 21 March, 2022



မွန်ပြည်နယ်  ရေးမြို့နယ် ဝယ်ပေါင်ကျေးရွာနားမှာ စစ်ကောင်စီတပ်က ပစ်သတ်လိုက်တဲ့ ၁၅ နှစ်အရွယ် လူငယ်ရဲ့အလောင်းအား မိသားစုဆီ ပြန်မပေးဘဲ မီးသင်္ဂြိုဟ်လိုက်တယ်လို့ သိရပါတယ်။

မွန်ပြည်နယ်  ရေးမြို့နယ် ဝယ်ပေါင်ကျေးရွာက ပစ်ခတ်မှုဖြစ်စဉ်အတွင်း ဓာတ်ဆီဆိုင်မှာ ဆိုင်ကယ်ဆီလာဖြည့်တဲ့ ရေးမြို့ အဏ္ဏဝါ ရပ်ကွက်နေ အသက် ၁၅ နှစ်အရွယ်  ခိုင်ကျော်လင်းထွန်း အား စစ်တပ်က ဖမ်းဆီးပစ်သတ်လိုက်တာလို့ ရေး YGF ပြောက်ကျားပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပြောပါတယ်။

ဝယ်ပေါင်ကျေးရွာ ဓာတ်ဆီဆိုင်နားက ကားဝပ်ရှော့တခုမှာ PDF တပ်ဖွဲ့က ကားပြင်နေစဉ် သတင်းအရ စစ်ကောင်စီက ဝင်ရောက်ပစ်ခတ်ခဲ့တာလို့ ဆိုပါတယ်။

စစ်ကောင်စီက ဒေသခံ PDF တွေကို တရစပ် ပစ်ခတ်မှုကြောင့် မွန်ပြည်နယ်အခြေပြု တော်လှန်ရေးအဖွဲ့ (MRSO) က ရဲဘော်ကျော်ဇင်ထက်နဲ့ အမည်မသိ ၁ ဦး ကျဆုံးခဲ့ပါတယ်။

ခိုင်ကျော်လင်းထွန်းကတော့ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဆီလာဖြည့်စဉ် ဖမ်းဆီးခံရပြီး စစ်တပ်က ကားပေါ်မှာ ပစ်သတ်ခဲ့တာလို့ YGF က ပြောပါတယ်။ ဒါ့အပြင် စစ်ကောင်စီတပ်က ပရဟိတသမားတဦးနဲ့ ကားဝပ်ရှော့ပြင်သမား ၁ ဦးကိုလည်း ဖမ်းဆီးသွားတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီကတော့ ဝယ်ပေါင်ဖြစ်စဉ်အတွင်း လက်နက် ၁ လက် သိမ်းဆည်းရမိခဲ့ပြီး အရပ်သားတဦးတယောက်မှ ထိခိုက်မှုမရှိဘဲ သေဆုံးသွားသူတွေဟာ ဖမ်းဝရမ်းထုတ်ထားသူတွေဖြစ်သလို ရေး PDF အတွက် အဓိကဟင်ငွေရရှိရေး၊ စားဝတ်နေရေး၊ လက်နက်ဝယ်ယူရေးအတွက် အဓိကဆောင်ရွက်နေသူလို့ သတင်းထုတ်ပြန်ထားပါတယ်။

ဖြစ်စဉ်အတွင်း သေဆုံးသွားတဲ့ ရုပ်အလောင်း ၃ လောင်းအား စစ်ကောင်စီတပ်က မီးသင်္ဂြိုဟ်လိုက်တယ်လို့ ဆိုပါတယ်။

လက်ရှိအခြေနေမှာ စစ်တပ်က PDFတွေ လှုပ်ရှားနေတဲ့ နယ်မြေဘက်၊ ဥယျာဉ်ခြံတွေဘက်မှာ ကင်းပုန်းဝပ်နေရာယူထားတာကြောင့် ထပ်မံပစ်ခတ်မှုတွေ ဖြစ်လာမှာကို ခြံသမားတွေ စိုးရိမ်နေကြပါတယ်။

https://burmese.dvb.no/archives/523252

-------------------------------------------------------------------------------------------

## သထုံမှာ ဘုရားပွဲထဲ လက်နက်ကြီး ပစ်ခတ်လို့ အရပ်သားသုံးဦးသေ၊ ရှစ်ဦး ဒဏ်ရာရ

2022.03.21



၂၀၂၂ ခုနှစ် မတ်လ ၁၉ ရက်နေ့ညတွင် စစ်ကောင်စီတပ် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ထိမှန်ထားသည့် ကားတစ်စီးကို တွေ့ရစဉ် Photo: Citizen Journalist

မွန်ပြည်နယ် သထုံမြို့နယ် ကျောက်တောင်ရွာမှာ ကျင်းပနေတဲ့ဘုရားပွဲကို မတ်လ ၁၉ ရက်နေ့ ညပိုင်းက

လက်နက်ကြီးနဲ့ ပစ်ခတ်ခံရလို့ ဘုရားပွဲလာတဲ့ ကလေးတစ်ဦးနဲ့ အမျိုးသမီးနှစ်ဦး၊ စုစုပေါင်း သုံးဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့တယ်လို့ ဒေသခံတွေက RFA ကို ပြောပါတယ်။

မတ်လ ၁၉ ရက်နေ့ ညပိုင်း ဘုရားပွဲကျင်းပနေတဲ့ အချိန်မှာ စစ်ကောင်စီတပ်က လက်နက် ကြီးနဲ့ ပစ်ခတ်တာ ကြောင့် ပြည်သူတွေ ထိမှန်သေဆုံးခဲ့တာလို့ လုံခြုံရေးအရ အမည်မဖော် လိုတဲ့ သထုံဒေသခံတစ်ဦးက ပြောပါတယ်။

**"လက်နက်ကြီးနဲ့ပစ်တာ ပထမနှစ်လုံးက ပွဲခင်းဘေးကိုကျတယ်။ ကျတဲ့အချိန်မှာ ဘုရားပွဲထဲကလူတွေက ထပြေးကြတယ်။ ထပြေးကြတဲ့ဟာကိုမှ နောက်ထပ်တစ်လုံး ထပ်ပစ်တဲ့အချိန်မှာ ဒေသခံတွေပြေးတဲ့ လမ်းကြောင်းပေါ်ကိုကျတာ။ ဘုရားပွဲဘေးက လမ်းပေါ်၊ အဲဒီလမ်းပေါ်တည့်တည့်ကျတော့ သုံးယောက် သေသွားတယ်"**

သေဆုံးတဲ့သူတွေဟာ ကျောက်တောင်ရွာက အသက် ခုနစ်နှစ်အရွယ် စောအဲဖို့စာ၊ အသက် ၅၀ အရွယ် ဒေါ်ဒေ့သို နဲ့ ပိန္နဲတောရွာက အသက် ၅၄ နှစ်အရွယ် ဒေါ်ငွေကြည်တို့ ဖြစ်တယ် လို့ ပြောပါတယ်။

ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ စစ်ကောင်စီက သတင်းထုတ်ပြန်လာတာ မတွေ့ရသေးသလို စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA က ဒီနေ့ ညနေပိုင်းက ဖုန်းနဲ့ ဆက်သွယ်နေပေမယ့် အကြောင်းမပြန်သေးပါဘူး။

ကရင်အမျိုးသားအစည်းအရုံး (KNU) ကတော့ စစ်ကောင်စီ ခမရ အမှတ်(၉) စခန်း (ဝီယော်) ကနေ ၁၂၀ မမ လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာလို့ မနေ့က သတင်းထုတ်ပြန် ထားပါတယ်။

ကျောက်တောင်ကျေးရွာ ဘုရားပွဲဟာ တစ်နှစ်တစ်ကြိမ် အစဉ်အလာမပျက် ကျင်းပတဲ့ပွဲ ဖြစ်ပြီး အခုနှစ်အတွက် မတ်လ ၁၈ ရက်ကနေ ၁၉ ရက်နေ့အထိ နှစ်ရက်ကြာကျင်းပခဲ့တာ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/three-dead-eight-wound-in-thaton-03212022055222.html

--------------------------------------------------------------------------------------------------

## မွန်ညီညွတ်ရေးပါတီဥက္ကဋ္ဌအဖြစ် ဝန်ကြီးဟောင်း နိုင်လဝီအောင် ရွေးချယ်ခံရ

Published By DVB | 21 March, 2022




မွန်ညီညွတ်ရေးပါတီ ဥက္ကဋ္ဌအဖြစ် ကြံ့ခိုင်ရေးပါတီအစိုးရ လက်ထက်တုန်းက မွန်ပြည်နယ် လျှပ်စစ်နဲ့ စက်မှုလက်မှုဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ကြီးဟောင်း နိုင်လဝီအောင်ကို ရွေးချယ်တင်မြှောက်လိုက်ပါတယ်။

မတ်လ ၁၈ ရက်ကနေ ၂၀ ရက်အထိ ၃ ရက်တာ ကျင်းပခဲ့တဲ့ မွန်ညီညွတ်ရေးပါတီရဲ့ ပထမအကြိမ် ညီလာခံမှာ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

ဒီညီလာခံမှာတော့ မွန်ညီညွတ်ရေးပါတီ ဥက္ကဋ္ဌအဖြစ် နိုင်လဝီအောင် ၊ ဒုဥက္ကဋ္ဌ (၁) အဖြစ် နိုင်တလညီနဲ့ ဒုဥက္ကဋ္ဌ (၂)အဖြစ် နိုင်ချမ်းတွဲ၊ အထွေထွေအတွင်းရေးမှူး အဖြစ် နိုင်စံတင်၊ တွဲဖက်အတွင်းရေးမှူး (၁) အဖြစ် နိုင်လယ်သီတမနဲ့ တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် မိစန္ဒာနွန်တို့ ရွေးခဲ့တာ ဖြစ်ပါတယ်။

ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရတဲ့ နိုင်လဝီအောင်ဟာ မွန်ပြည်နယ် လျှပ်စစ်နဲ့ စက်မှုလက်မှုဝန်ကြီးဟောင်းလည်း ဖြစ်သလို မွန်ပြည်သစ်ပါတီရဲ့ စစ်ထောက်ချုပ် ဗိုလ်မှူးကြီးဟောင်း တစ်ဦးလည်း ဖြစ်ပါတယ်။

ဒီညီလာခံမှာတော့ မွန်ညီညွတ်ရေးပါတီရဲ့ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ၂၇ ဦး၊ ဗဟိုကော်မတီအဖွဲ့ဝင် ၈၁ ဦးနဲ့ အရန်ဗဟိုကော်မတီအဖွဲ့ဝင် ၇ ဦးကို ပြန်လည် ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

မွန်ညီညွတ်ရေးပါတီရဲ့ ပထမအကြိမ် ညီလာခံမှာတော့ ပါတီဗဟိုကော်မတီရဲ့ အစီရင်ခံစာအပြင် ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေ စည်းမျဉ်းစည်းကမ်းတချို့နဲ့ ပါတီရဲ့ ရှေ့လုပ်ငန်း ၅ ချက်ကို အတည်ပြုဆုံးဖြတ်နိုင်ခဲ့တယ်လို့ မွန်ညီညွတ်ရေးပါတီ ဒုဥက္ကဋ္ဌ (၁) နိုင်တလညီက ဒီဗွီဘီကို ပြောပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ စစ်တပ် အာဏာသိမ်းပြီးနောက် စစ်ကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့အတွက်ကြောင့် ဝေဖန်မှုတွေနဲ့ ခံနေရတဲ့ ပါတီတစ်ခုလည်း ဖြစ်ပါတယ်။

လက်ရှိမှာတော့ မွန်ညီညွတ်ရေးပါတီက ဒေါက်တာဗညားအောင်မိုးဟာ စစ်ကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသလို ပါတီတွဲဖက်အတွင်းရေးမှူး(၁) နိုင်လယီတမကလည်း ပြည်နယ်စစ်ကောင်စီမှာ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/523270

---------------------------------------------------------------------------------------------------

## အာဆီယံအထူးကိုယ်စားလှယ် စစ်ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေး၊ သပိတ်အင်အားစုများ ကန့်ကွက်

Published By DVB | 21 March, 2022



မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် ပရတ်ဆာခွန်းဟာ မတ်လ ၂၁ ရက် ဒီနေ့မနက် ၁၀ နာရီခွဲလောက်က နေပြည်တော်မှာ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တွေ့ဆုံပါတယ်။

တွေ့ဆုံရာမှာ အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာနိုင်ငံအတွက် လူသားခြင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီတွေရရှိစေရေး ဆောင်ရွက်နေမှု အခြေအနေနဲ့ အာဆီယံမှာ ပူးပေါင်းဆောင်ရွက် မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်တွေဆွေးနွေးခဲ့တယ်လို့ စစ်ကောင်စီပြန်ကြားရေးက သတင်းထုတ်ပါတယ်။

ဒါ့အပြင် နိုင်ငံတွင်းမှာ နိုင်ငံရေးသဘောထားမတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ဆန္ဒပြမှုတွေကတဆင့် ဆူပူအကြမ်းဖက်မှု၊ အကြောင်းမဲ့သတ်ဖြတ်မှု၊ နိုင်ငံပိုင်အဆောက်အဦ၊ စာသင်ကျောင်းများ ဖျက်ဆီးမှု၊ မိုင်းထောင်ဖောက်ခွဲမှုတွေ ဖြစ်ပေါ်ခဲ့လို့ စစ်ကောင်စီက ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်နေရတယ်လို့ စစ်ခေါင်းဆောင်က အာဆီယံအထူးကိုယ်စားလှယ်ကို ပြောကြားခဲ့တယ်လို့လည်းဆိုပါတယ်။

အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု - GSCB ကတော့ အာဆီယံ အထူးကိုယ်စားလှယ်ရဲ့ မြန်မာနိုင်ငံခရီးစဉ်အပေါ် နိုင်ငံရေးအရ ကန့်ကွက်ကြောင်း ကြေညာထားပါတယ်။

ဒီခရီးစဉ်မတိုင်မီ အကြမ်းဖက်စစ်အုပ်စုရဲ့ လူမဆန်တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ချက်ချင်းရပ်တန့်ရေးအတွက် အာဆီယံနဲ့ အာဆီယံအထူးကိုယ်စားလှယ်အနေနဲ့ တိုက်တွန်းတောင်းဆိုဖို့ ပျက်ကွက်ခဲ့တဲ့အတွက် ဒီခရီးစဉ်ဟာ မြန်မာလူထုရဲ့ ဆန္ဒသဘောထားနဲ့ အသံကို လုံးဝတန်ဖိုးမထား၊ အသိအမှတ်မပြုဘဲ အကြမ်းဖက်စစ်အုပ်စုကို အားပေးအားမြှောက်ပြုတဲ့ လုပ်ရပ်ဖြစ်လို့ ကန့်ကွက်ရှုတ်ချတာလို့ဆိုပါတယ်။

အန်စီအေ အပစ်ရပ်လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့တွေနဲ့ အာဆီယံအထူးကိုယ်စားလှယ်တို့ တွေ့ဆုံဖို့ စီစဉ်ထားမှုကိုလည်း အကြမ်းဖက်စစ်ကောင်စီဘက်က

ဖျက်သိမ်းခဲ့ပြီး ပထမအကြိမ်ခရီးစဉ်ဖြစ်လို့ လိုချင်လောဘများစွာ မထားဖို့ အာဆီယံအထူးကိုယ်စားလှယ်ရဲ့ ပြောကြားချက်ဟာ တာဝန်မဲ့ပြောကြားချက်ဖြစ်တယ်လို့ GSCB ရဲ့ ထုတ်ပြန်ချက်မှာဖော်ပြပါတယ်။

ကမ္ဘောဒီးယား ဒုဝန်ကြီးချုပ်လည်းဖြစ် နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်တဲ့ ပရတ်ဆာခွန်းဟာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံကို မတ်လ ၂၁ ရက်ကနေ ၂၃ ရက်အထိ ၃ ရက်ကြာခရီးလာရောက်တာဖြစ်ပြီး အာဆီယံအထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံကိုသွားတဲ့ ပထမဆုံး ခရီးစဉ်လည်းဖြစ်ပါတယ်။

ဒီခရီးစဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ အရန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် လွှတ်တော်အမတ်ဟောင်း ဒေါ်စုစုလွင်၊ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး စတဲ့ နိုင်ငံရေးပါတီတွေက တာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံဖို့ ရှိတယ်လို့ သတင်းတွေ ထွက်နေပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းကတာဝန်ရှိသူတွေကို လက်ခံတွေ့ဆုံပြီး ပါတီကိုယ်စားပြုပြောဆိုနိုင်သူမှာ ပါတီဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပါတီဗဟို အလုပ်မှုဆောင်အဖွဲ့က တာဝန်ပေးထားတဲ့ ဗဟိုအလုပ်ကော်မတီပဲရှိတယ်၊ ဒီလူတွေ မဟုတ်ဘူးဆိုရင် အန်အယ်လ်ဒီရဲ့ ဆိုင်းဘုတ်ကိုင် ခေါင်းစဉ်တပ်ပြီးတော့ တွေ့တဲ့သူတွေဟာ ဘယ်သူမဆို ပါတီကိုကိုယ်စားပြုတာမဟုတ်ဘူးလို့ အဲဒီကော်မတီအဖွဲ့ဝင် ဦးကျော်ထွေးက ဒီဗွီဘီကို ပြောထားပါတယ်။

အာဆီယံ အထူးသံတမန်ရဲ့ မြန်မာပြည်ခရီးစဉ်မှာ ဖမ်းဆီးထောင်ချ တရားစွဲခံနေရတဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပြုမှာ မဟုတ်ဘူးလို့ စစ်ကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဂျပန်သတင်းဌာန ANN နဲ့ ရုပ်သံတွေ့ဆုံမေးမြန်းခန်းမှာ ပြောကြားထားပါတယ်။

https://burmese.dvb.no/archives/523374

-----------------------------------------------------------------------------------------------------

## အာဆီယံအထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ် အလုပ်ဖြစ်နိုင်လား

၂၁ မတ် ၂၀၂၂



ဓာတ်ပုံ ပုံစာ, နေပြည်တော်ကိုရောက်လာတဲ့ အာဆီယံအထူးကိုယ်စားလှယ်ပရတ်ဆော့ခွန်း

**အာဆီယံအထူးသံတမန် ကမ္ဘောဒီယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာပရတ်ဆော့ခွန်း ရဲ့ မြန်မာနိုင်ငံခရီးစဉ်ကို ဒီကနေ့ မတ်လ ၂၁ရက်မှာစတင်ပြီး မတ်လ ၂၃ ရက်နေ့အထိ သုံးရက်ကြာမြင့်မှာဖြစ်ပါတယ်။**

ဒီကနေ့ ခရီးစဉ်အစမှာပဲ အာဏာသိမ်းစစ်ခေါင်းဆောင် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် တို့နဲ့တွေ့ဆုံခဲ့ပါတယ်။

### အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့တယ်လို့ ရှင်းပြပြန်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ ပရတ်ဆော့ခွန်းနဲ့တွေ့ချိန်မှာ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုတွေရှုခဲ့တယ် ဆိုတဲ့အကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့တယ်ဆိုတာနဲ့ အာဆီယံ ဘုံသဘောတူညီချက် (၅) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေတယ်ဆိုပြီး ပြောခဲ့ကြောင်း စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားပါတယ်။

ထူးခြားတာက ဒီကနေ့ အာဆီယံအထူးကိုယ်စားလှယ်တွေ့ဆုံမယ့်သူဆိုပြီး ထွက်လာတဲ့ စာရင်းထဲမှာ သမ္မတဟောင်းဦးထင်ကျော်ရဲ့ဇနီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ NLD ရဲ့ အရန်

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်လည်းဖြစ်တဲ့ ဒေါ်စုစုလွင်လည်း ပါဝင်နေတဲ့အကြောင်း နေပြည်တော်ကလာတဲ့သတင်းတွေက ဆိုပါတယ်။

အာဏာသိမ်းပြီးတဲ့နောက် မြန်မာ့အရေးဖြေရှင်းဖို့ဆိုတဲ့ အာဆီယံဘုံသဘောတူညီချက် ၅ ချက်အရ အာဆီယံအထူးသံတမန်ထားရှိကာ နိုင်ငံအတွင်း အဓိက တာဝန်ရှိသူတွေ တွေ့ဆုံဆွေးနွေး နိုင်ရေးနဲ့ ဒေသတွင်းကမြန်မာ့အရေးကို အာဆီယံအဖွဲ့အနေနဲ့ ဖြေရှင်းနိုင်ဖို့ အခုလို ပြင်ဆင်လာတာဖြစ်ပါတယ်။

အာဆီယံရဲ့ သဘောထားအရ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အတွင်းက တွေ့ဆုံသင့်သူတွေကို တွေ့ဆုံဖို့ တောင်းဆိုထားပါတယ်။ ဒီအထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဖို့ တောင်းဆိုမှုတွေကိုတော့ စစ်ကောင်စီကတောက်လျှောက် ငြင်းဆန်ထားတာပါ။ ဒါ့ကြောင့် ပြီးခဲ့တဲ့ အာဆီယံအထူးသံတမန် ရဲ့ မြန်မာနိုင်ငံခရီးစဉ်တွေလည်း ပျက်ခဲ့ဖူးပါတယ်။

အခုပရတ်ဆော့ခွန်းရဲ့ ဒီခရီးစဉ်မတိုင်ခင်တည်းက စစ်ကောင်စီဟာ အာဆီယံအထူးသံကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မပြုဘူးလို့ ပြောကြားထားပြီး NLD ပါတီ ကိုယ်စားလှယ်တွေနဲ့သာ တွေ့ဆုံခွင့်ပြုမယ်လို့ ပြောကြားထားတာပါ။



ဓာတ်ပုံ ပုံစာ, စစ်ကောင်စီဥက္ကဋ္ဌ နဲ့ တွေ့ဆုံနေတဲ့ အာဆီယံအထူးကိုယ်စားလှယ်

**သမ္မတဟောင်းကတော်နဲ့ တွေ့ဆုံခဲ့သလား**

စစ်ကောင်စီက အာဆီယံအထူးသံ နဲ့ တွေ့ဆုံခွင့်ပေးမယ့် စာရင်းထဲမှာ ဒေါ်စုစုလွင် ပါဝင်နေဆယ်ဆိုပေမဲ့ ဒေါ်စုစုလွင်က အာဆီယံအထူးသံ ပရတ်ဆော့ခွန်းနဲ့ တွေ့ဆုံခဲ့တာ ရှိ၊ မရှိကတော့ ဘီဘီစီအနေနဲ့ သီးခြားအတည်ပြုနိုင်တာ မရှိသေးပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဗဟိုအလုပ်ကော်မတီဝင် ဦးကျော်ထွေးကတော့ ဒေါ်စုစုလွင်အနေနဲ့ တွေ့ဆုံမှု ရှိ၊ မရှိကို အတည်မပြုနိုင်တဲ့အတွက် ဒီအပေါ်မှာ မှတ်ချက်ပြုဖို့မရှိဘူးလို့ ဆိုပါတယ်။

ဒါပေမဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ NLD နဲ့ ပတ်သက်လို့ ကိုယ်စားပြုမှုကတော့ ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းသာဖြစ်တယ်လို့ ပြောပါတယ်။



ဓာတ်ပုံ ပုံစာ,NLD အစိုးရလက်ထက်က ဒေါ်အောင်ဆန်းစုကြည်တက်ရောက်တဲ့ အာဆီယံအစည်းအဝေးတစ်ခုမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ အတူတွေ့ရစဉ်

"တွေ့မယ် မတွေ့ဘူးဆိုတာကို မသိတော့ ကျွန်တော်အဲဒီအပေါ်မှာမှတ်ချက်ပေးစရာမရှိပါဘူး။ ဒါပေမဲ့ NLD ပါတီအနေနဲ့ ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မှပဲ၊ ဒေါ်အောင်ဆန်းစုကြည်သာလျှင်ပဲ NLD ပါတီကို ကိုယ်စားပြုပြောဆိုနိုင်မှာဖြစ်တယ်'" လို့ ဦးကျော်ထွေး ကပြောပါတယ်။

အာဆီယံက စစ်ခေါင်းဆောင်ကိုပြန်လက်ခံနိုင်ခြေရှိလား

လက်ရှိ အာဆီယံရဲ့ မြန်မာ့အရေး ချဉ်းကပ်ဖြေရှင်းမှုနဲ့ စစ်ကောင်စီရဲ့ သဘောထားတွေအရ မြန်မာနိုင်ငံအရေးကို ဖြေရှင်းနိုင်တဲ့အထိ အာဆီယံအနေနဲ့ စွမ်းဆောင်နိုင်ခြင်း မရှိဘူးလို့ မြန်မာ့အရေးအကဲခတ်တွေက သုံးသပ်ကြပါတယ်။

အာဆီယံအနေနဲ့ အခု အာဆီယံသံတမန်ခရီးစဉ်ပြီးတဲ့နောက် မြန်မာ့အရေး ရှေ့ဆက်လုပ်ဆောင်နိုင်မယ့် အခြေအနေ အပေါ် "အာဆီယံကိုကြည့်လိုက်ရင် အမေရိကန်ရဲ့ သဘောထားရှိတယ်။ တရုတ်ကနေ ခပ်ခွာခွာ သဘောထား ယူဆချက်ရှိတယ်။ နောက်တစ်ခု သိသာတာက အခုအမေရိကန်က စစ်ကောင်စီကို လူမျိုးတုံးသတ်ဖြတ်မှု တရားခံအဖြစ် ကြေညာဖို့ရှိတယ်။ အဲဒီတော့ လူမျိုးတုံးသတ်ဖြတ်မှုခံထားရတဲ့သူတွေကို အာဆီယံက လည်း အသိအမှတ်ပြု ပြန်လည်ဆက်ဆံမှာကို ရှောင်မယ်လို့ ထင်တယ်" လို့ နိုင်ငံတကာနဲ့ နိုင်ငံရေးရာအကဲခတ် ဒေါက်တာစိုင်းကြည်ဇင်စိုးက သုံးသပ်ပါတယ်။

စစ်ရာဇဝတ်မှုအပါအဝင်၊ လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်သူလို့ အမေရိကန်ရဲ့သတ်မှတ်ခြင်းခံခဲ့ရသူမျိုးကို နိုင်ငံတကာအနေနဲ့ သူတို့ရဲ့ မိတ်ဘက်နိုင်ငံ အမေရိကန်နည်းတူ ဆက်ဆံရေးလုပ်ဆောင်လေ့မရှိတဲ့ သာဓကတွေ ရှိတာကြောင့် ဒီခရီးစဉ်ကနေ စစ်ကောင်စီအပေါ် အာဆီယံမှာ လက်ခံလာနိုင်မယ့် အခြေအနေမျိုးက ဖြစ်လာနိုင်မှာ မဟုတ်ဘူးလို့ သုံးသပ်မှုတွေရှိလာတာပါ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့တွေ့ခွင့်မရ

အာဆီယံအထူးသံ ရဲ့ အခုခရီးစဉ်မှာ မူလက NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ရဲ့ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) နဲ့ တွေ့ဖို့ ရှိပေမဲ့ အချိန်မလုံလောက်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ တွေ့ဆုံပွဲမဖြစ်မြောက်ကြောင်းစစ်ကောင်စီဘက်က အကြောင်းကြားခဲ့လို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေလည်း ပရတ်ဆော့ခွန်းနဲ့တွေ့ခွင့်မရခဲ့ပါဘူး။

အာဆီယံအထူးသံနဲ့ ဘက်အသီးသီးက သူတွေ တွေ့ဆုံရေး အာဆီယံဘုံ သဘောထား ၅ ရပ်မှာ ပါဝင်ပေမဲ့ အခုအာဆီယံအထူးကိုယ်စားလှယ်ရဲ့ ပထမဆုံး မြန်မာခရီးစဉ်မှာ အဓိကကျတဲ့ သူတွေနဲ့တွေ့ဆုံဖို့ အစီအစဉ်တွေ မပါဝင်တာကြောင့် ဒီခရီးစဉ်ဟာ မြန်မာ့အရေး ဖြေရှင်းနိုင်ဖို့ရာ အနှစ်သာရရှိတဲ့ခရီးစဉ်မဟုတ်ဘူးလို့ နိုင်ငံရေး လေ့လာသုံးသပ်သူ ဦးသန်းစိုးနိုင်က အစောပိုင်းမှာဘီဘီစီကိုပြောကြားထားပါတယ်။

မတ်လ ၂၂ ရက်မှာတော့ ပရတ်ဆော့ခွန်းဟာ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးနဲ့တွေ့ဖို့ရှိတယ်လို့ သိရပါတယ်။

အကန့်အသတ်တွေနဲ့ မပြေလည်မှုတွေကြား စတင်တဲ့ ပရတ်ဆော့ခွန်းရဲ့ မြန်မာပြည်ခရီးစဉ်နဲ့ ပတ်သက်လို့ ကန့်ကွက်မှုတွေရှိနေသလို တော်လှန်ရေးအင်အားစုတွေနဲ့ အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု - GSCB ကလည်း နိုင်ငံရေး အရ ကန့်ကွက်ကြောင်း ထုတ်ပြန်ထားပါတယ်။

GSCB ရဲ့ ထုတ်ပြန်ချက်အရ အာဆီယံ အထူးကိုယ်စားလှယ်ဟာ ဖေဖော်ဝါရီက ပြုလုပ်ခဲ့တဲ့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး Retreat မှာ တိုက်တွန်းချက်ဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (National Unity Consultative Council)၊ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government)တို့နဲ့ တွေ့ဆုံဖို့ဆိုတာကို အကောင်အထည် မဖော်သလို ၊ ပြည်တွင်းက စစ်တပ်ရဲ့ အကြမ်းဖက် လုပ်ရပ်တွေအပေါ်မှာ လည်း တားမြစ်တောင်းဆိုဖို့ပျက်ကွက်တယ်လို့ ဆိုပါတယ်။

အာဆီယံအထူးကိုယ်စားလှယ်ရဲ့ ခရီးစဉ်မတိုင်မီကပဲ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နဲ့ တရုတ်သမ္မတရှီကျင့်ဖျင်တို့ဟာ အွန်လိုင်းက တွေ့ဆုံထားပြီး အာဆီယံဒေသတွင်း အရေးတွေဆွေးနွေးခဲ့တယ်လို့ ကမ္ဘောဒီးယားဘက်က အစောပိုင်းမှာထုတ်ပြန်ထားပါတယ်။

https://www.bbc.com/burmese/60821771

---------------------------------------------------------------------------------------------------

# ပြည်သူ့ကိုယ်စားပြု ခေါင်းဆောင်တွေကို မတွေ့လျှင် အာဆီယံအထူးသံခရီးစဉ် မအောင်မြင်နိုင်

2022.03.21



အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn နှင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံစဉ်။ Photo: Myanmar Military

အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆော့ခွန်း (Prak Sokhonn) ဟာ သူ့ရဲ့ မြန်မာပြည် ပထမဆုံး ခရီးစဉ်အဖြစ် မတ်လ ၂၁ ရက် ဒီနေ့မနက်ပိုင်းမှာပဲ စစ်ကောင်စီရုံးစိုက်ရာ နေပြည်တော်ကို ရောက်ရှိ လာပါတယ်။

သူဟာ မတ်လ ၂၁ ရက်ကနေ ၂၃ ရက်ထိ မြန်မာနိုင်ငံမှာ နေထိုင်ပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် စစ်ကောင်စီထိပ်တန်းခေါင်းဆောင်တွေနဲ့ တွေ့ဖို့ စီစဉ်ထားသလို နိုင်ငံရေးပါတီတချို့နဲ့ NLD ပါတီဝင်တစ်ဦးဖြစ်တဲ့ သမ္မတဟောင်း ဦးထင်ကျော်ရဲ့ဇနီး ဒေါ်စုစုလွင်ကို တွေ့ဆုံဖို့ စီစဉ်ထား ပါတယ်။

ဒါပေမဲ့ ဒေါ်စုစုလွင်က ပရက်ဆော့ခွန်းနဲ့တွေ့မယ့်အစီအစဉ်ကို ဒီကနေ့မွန်းလွဲပိုင်းမှာ ကျန်းမာရေး အကြောင်း ပြချက်နဲ့ ရုတ်တရက် ဖျက်သိမ်းလိုက်တယ်လို့ ဒေါ်စုစုလွင်နဲ့ နီးစပ်တဲ့ ရန်ကုန်မြို့က အမည်မဖော်လိုတဲ့ NLD လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒီကနေ့ညနေပိုင်းမှာ RFA ကို ပြောပါတယ်။

စစ်ကောင်စီဘက်ကတော့ ဒီနေ့မနက်ပိုင်း ပရက်ဆော့ခွန်း နေပြည်တော်ကို ရောက်ရောက်ချင်းမှာပဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် စစ်ကောင်စီဝန်ကြီးတွေနဲ့ တွေ့ဆုံခဲ့တယ်လို့ ချက်ချင်း သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဒီတွေ့ဆုံပွဲမှာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေ၊ အာဆီယံဘုံသဘောတူညီချက် ငါးရပ်ကို အကောင် အထည်ဖော်မှု အခြေအနေ၊ လူသားချင်းစာနာမှု အကူအညီရရှိရေးအခြေအနေနဲ့ အာဆီယံ-မြန်မာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

ဒီခရီးစဉ်ကို ကန့်ကွက်ထားတဲ့ GSCB အဖွဲ့ဝင် မန္တလေး သံဃသမဂ္ဂ ဆရာတော် အရှင်ရာဇဒမ္မက အာဆီယံအထူးသံဟာ ပြည်သူ့ အသံကို ကိုယ်စားပြုတဲ့ ခေါင်းဆောင်တွေကို တွေ့ဖို့ မကြိုးစားရင် ဒါဟာ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးမှု မဟုတ်ဘူးလို့ မိန့်ကြားပါတယ်။

**"ပြည်သူ့အသံကို ထပ်ဟပ်စေတဲ့ ပြည်သူ့ခေါင်းဆောင်ပေါ့နော်၊ ပြည်သူ့အစိုးရ (NUG) နဲ့ တွေ့ဆုံနိုင်ဖို့တွေ မပါဘူးပေါ့။ တိုင်းရင်းသား ခေါင်းဆောင်တွေလည်း မပါဘူး။ အဲဒီအတွက် လူထုအသံကို ထပ်ဟပ်စေနိုင်တဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံနိုင်မှာ မဟုတ်တဲ့အတွက် လုံးဝကို ပြောရရင် စစ်မှန်တဲ့တွေ့ဆုံမှုမျိုး မဖြစ်ဘူး ပေါ့နော်။ အဲဒီအတွက် ဦးပဥ္စင်းတို့က စာထုတ်လိုက် တာပေါ့။ သူ့ရဲ့ ဒီခရီးစဉ်အပေါ်မှာ ပြည်သူ့အသံကို လုံးဝထင်ဟပ်စေမှာ မဟုတ်ဘူး။ အဲဒီအတွက် ဘာမှလည်း အကျိုးထူးလာမှာ မဟုတ်ဘူး။ အဲဒါကြောင့် ဒီတွေ့ဆုံမှုတွေကို အယုံအကြည် မရှိဘူးပေါ့"**

အာဆီယံနဲ့ အာဆီယံအထူးကိုယ်စားလှယ်ဟာ စစ်အုပ်စုရဲ့ ရက်စက်မှုတွေ ချက်ချင်းရပ်တန့်အောင် တိုက်တွန်းတောင်းဆိုဖို့ ပျက်ကွက်ခဲ့တာကြောင့် ဒီခရီးစဉ်ဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒသဘော ထားနဲ့ အသံကို တန်ဖိုးမထား အသိအမှတ် မပြုရာရောက်တဲ့အတွက် ကန့်ကွက်ရှုတ်ချတာလို့ အာဏာရှင်ဆန့်ကျင်ရေး သပိတ်အဖွဲ့ ၃၆ ဖွဲ့နဲ့ ဖွဲ့စည်းထားတဲ့ အထွေထွေသပိတ်ပေါင်းစပ် ညှိနှိုင်းရေးအင်အားစု (GSCB) ရဲ့ မနေ့က ထုတ်ပြန်ချက်မှာ ပြောထားပါတယ်။

အာဆီယံအထူးသံ ပရက်ဆော့ခွန်း နေပြည်တော်ကို ရောက်လာတဲ့ ဒီကနေ့မနက်ပိုင်းမှာတော့ စစ်ကိုင်းတိုင်း ကလေးမြို့က အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားသူတွေက ဒီခရီးစဉ်ကို ကန့်ကွက် ဆန္ဒပြခဲ့ပြီး၊ ပြည်သူတွေကို ကိုယ်စားမပြုတဲ့ စစ်ကောင်စီကို အာဆီယံအဖွဲ့ကြီးက ဆန့်ကျင်ပြီး ဒီမိုကရေစီလိုလားသူတွေဘက်က ရပ်တည်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

ပရက်ဆော့ခွန်းရဲ့ အခုခရီးစဉ်မှာ ၈၈ ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီး ဦးဆောင်တဲ့ ပြည်သူ့ပါတီ၊ ဦးစိုင်းညွန့်လွင် ဦးဆောင်တဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနဲ့ပါ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ထားပါတယ်။

သူတို့လိုပဲ တွေ့ဆုံဖို့ မူလကစီစဉ်ထားတဲ့ NLD ပါတီဝင် ရန်ကုန်တိုင်း သုံးခွမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင်ကတော့ ဒီကနေ့ မွန်းလွဲပိုင်းကျမှ ပရက်ဆော့ခွန်းနဲ့ တွေ့ဆုံဖို့ကိစ္စကို ရုတ်တရက် ဖျက်သိမ်းလိုက်တာပါ။

ဒေါ်စုစုလွင်ဘက်က ကျန်းမာရေးအကြောင်းပြချက်နဲ့ ရုတ်တရက် ဖျက်သိမ်းလိုက်တာ မှန်ကန် ကြောင်း အမည်မဖော်လိုတဲ့ ရန်ကုန်မြို့က NLD လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက RFA ကို အတည်ပြုပြောဆိုထားပြီး ပရက်ဆော့ခွန်းနဲ့ ဒေါ်စုစုလွင်တွေ့ဆုံဖို့ စီစဉ်ခဲ့တာဟာ အစကတည်းက NLD ပါတီရဲ့ သဘောထား မဟုတ်ဘူးလို့ ပြောပါတယ်။

NLD အစိုးရသမ္မတဟောင်း ဦးထင်ကျော်ရဲ့ဇနီးဖြစ်သူ ဒေါ်စုစုလွင်ဟာ ကွယ်လွန်သူ NLD ဗဟို အလုပ်အမှုဆောင် ဦးလွင်ရဲ့ သမီးဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ ရန်ကုန်တိုင်း သုံးခွမြို့နယ် NLD ပါတီ ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အနိုင်ရရှိထားသူ ဖြစ်ပါတယ်။

NLD ပါတီရဲ့ ဗဟိုလုပ်ငန်းကော်မတီဝင် ဦးကျော်ထွေးကတော့ လက်ရှိအချိန်မှာ NLD ပါတီကို ကိုယ်စားပြုပြီး အထူးသံနဲ့ ဆွေးနွေးနိုင်တာဟာ ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းသာရှိတယ်လို့ RFA ကို ပြောပါတယ်။

**"ဒီအာဆီယံရဲ့ ဘုံသဘောတူညီချက် ၅ ရပ်နဲ့ပဲပြောရမယ်ဆိုရင် ပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေနဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာ ပါတာပေါ့။ အဲအထဲမှာ တကယ်ပြည်သူတွေကို ကိုယ်စားပြုတဲ့ ရွေး ကောက်ပွဲအနိုင်ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ ခေါင်းဆောင်လည်းဖြစ်တဲ့ လက်ရှိ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်နေတုန်းမှာပဲ ဖမ်းဆီးထိန်းသိမ်းခံရတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်လည်းဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ထားပြီးတော့ တွေ့ဆုံဆွေးနွေးပွဲလုပ်တဲ့ဟာက ဘာမှအကျိုးရှိမယ့် ကိစ္စမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာကလွဲလို့ကတော့ အကျိုးရှိတဲ့အဖြေတွေ ဘာမှ ထွက်လာမှာမဟုတ်ပါဘူး"**

ပရက်ဆော့ခွန်းဟာ စစ်ကောင်စီတာဝန်ရှိသူတွေနဲ့ ပြည်သူ့ပါတီလို ရှမ်းတိုင်းရင်းသားဒီမိုကရေစီ အဖွဲ့ချုပ်လို နိုင်ငံရေးပါတီက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ စီစဉ်ထားပေမယ့် လက်ရှိမြန်မာနိုင်ငံက ပြဿနာတွေ ဖြေရှင်းရာမှာ အရေးပါတဲ့ NLD ပါတီ ဒါမှမဟုတ် NUG တာဝန်ရှိသူတွေနဲ့ တွေ့ဖို့ မကြိုးစားတဲ့အပေါ် ဝေဖန်မှုတွေ မြင့်တက်နေပါတယ်။

**"ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ထားပြီးတော့ တွေ့ဆုံဆွေးနွေးပွဲလုပ်တဲ့ဟာက ဘာမှအကျိုးရှိမယ့်ကိစ္စမဟုတ်ပါဘူး"**

အာဆီယံအထူးသံနဲ့ အာဆီယံဥက္ကဋ္ဌ ရုံးဟာ စစ်ကောင်စီ သဘောတူတဲ့သူနဲ့ပဲ တွေ့ရမယ်ဆိုတဲ့အပေါ် လိုက်နာနေတာဟာ စစ်ကောင်စီကို မျက်နှာသာပေးနေတာဖြစ်တယ်လို့ NLD ပါတီရဲ့ တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုဦးက ဝေဖန်ပါတယ်။

**"အာဆီယံဥက္ကဋ္ဌ ရုံးက နေပြည်တော်မှာရှိတဲ့ စစ်သွေးကြွ အကြမ်းဖက်ကောင်စီကို နည်းနည်းလေး မျက်နှာသာ ပေးတဲ့သဘော ရှိတယ်ဗျ။ မျက်နှာသာပေးတယ်ဆိုတာက သူတို့အလိုကျပေါ့ဗျာ။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ဆိုရင် မတွေ့ဘူးတို့၊ သူတို့ သဘောတူတဲ့သူနဲ့ပဲ တွေ့ရမယ်ဆိုတဲ့ ပုံစံမျိုးပေါ့ဗျာ။ ဒါတွေက**

**သတ်သတ်ကို လက်ရှိ အခြေအနေမှာ မြန်မာပြည်သူတွေအပေါ် အနိုင် ကျင့်နေမှုရဲ့ တစ်စိတ်တစ်ပိုင်း။ သူ့ရဲ့ လုပ်ရပ်ပါပဲ။ သိပ်တော့ ထူးထူးခြားခြားတော့ မဟုတ်ဘူးဗျ"**

ဘာ့ကြောင့် ဒီခရီးစဉ်မှာ NUG ခေါင်းဆောင်တွေနဲ့ တွေ့ခွင့်မပေးသလဲဆိုတာ သိနိုင်ဖို့ စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်း ကို RFA က ဒီကနေ့ ဖုန်းခေါ်ခဲ့ပေမယ့် ဆက်သွယ်လို့ မရပါဘူး။

မတ်လ ၁၈ ရက် သောကြာနေ့က မေးမြန်းရာမှာတော့ အာဆီယံအထူးသံကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားတဲ့ သူတွေနဲ့ တွေ့ခွင့်ပြုမှာ မဟုတ်ဘူးလို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောခဲ့ပါတယ်။

**"ငြိမ်းချမ်းရေးဆောင်ရွက်မှု ညှိနှိုင်းရေးကော်မတီနဲ့တွေ့ဖို့ ရှိတယ်။ ပြီးရင် EAO တွေနဲ့ တွေ့ပေးဖို့ ရှိပါတယ်။ တချို့ တွေ့ချင်နေတဲ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ပေးဖို့ရှိပါတယ်။ နိုင်ငံတော်ဝန်ကြီး ချုပ်နဲ့ တွေ့ဖို့ အစီအစဉ်ရှိတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ တွေ့ဖို့ရှိပါတယ်။ အကြမ်းဖက် အဖွဲ့အဖြစ် ကြေညာထားတဲ့ သူတွေနဲ့တော့ ဘယ်အစိုးရမှ တွေ့ခွင့် မပေးပါဘူး။ ကျနော်တို့ မြန်မာနိုင်ငံအစိုးရ တစ်ရပ်တည်းမှ မဟုတ်ပါဘူး"**



၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့က မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn ကို နေပြည်တော်တွင် တွေ့ရစဉ်။ (Photo: Myanmar Military)

ပရက်ဆော့ခွန်းဟာ သူ့ရဲ့ခရီးစဉ်အတွင်း အကြမ်းဖက်မှုတွေ ရပ်တန့်ရေးကို ဦးစားပေး ဆောင်ရွက် သွားမယ်လို့ မြန်မာပြည်ခရီးစဉ်မတိုင်ခင် ရက်ပိုင်းအလို မတ်လ ၁၉ ရက်နေ့မှာ ဖနွမ်းပင်မှာရှိတဲ့ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

ဒါပေမဲ့ အကြမ်းဖက်မှုတွေ ရပ်တန့်ဖို့ဆိုတာ လက်တွေ့မှာ ဖြစ်လာနိုင်မှာမဟုတ်သေးဘူးလို့ နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာ စိုင်းကြည်ဇင်စိုးက သုံးသပ်ပါတယ်။

**"တကယ်တမ်းရပ်တန့်ဖို့က State Holder အကုန်လုံးကို သူတွေ့နိုင်မှာလား။ အားလုံးကျေနပ်နိုင် တဲ့ လမ်းကြောင်းတစ်ခုကို သူဘယ်လောက်အထိ ချပြနိုင်မလဲ ဖော်ဆောင်နိုင်မလဲဆိုအပေါ်မှာ မူတည်လိမ့်မယ်။ ဒီအတိုင်း လက်ရှိအနေအထားအရဆိုရင်တော့ အကြမ်းဖက်ရပ်တန့်ဖို့ဆိုတာ လာပြောတာပဲ ရှိလိမ့်မယ်။ ပြောတဲ့ဟာကို ကျန်တဲ့အဖွဲ့တွေက ဒီဟာလုပ်သင့်တယ်လို့ လက်ခံစရာ လုံလုံလောက်လောက် အကြောင်းပြချက်တော့ သူပေးနိုင်ဦးမှာမဟုတ်ဘူးလို့ ကျနော်မြင်တယ်"**

မတ်လ ၂၁ ရက်ကနေ ၂၃ ရက်အထိ သုံးရက်ကြာမယ့် ပရက်ဆော့ခွန်းရဲ့ ခရီးစဉ်အတွင်း တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့တာဝန်ရှိသူတွေနဲ့ ပေးတွေ့မယ်လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောနေပေမယ့် NCA လက်မှတ် ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ ဖွဲ့စည်းထားတဲ့ PPST အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီး ခွန်ဥက္ကာကတော့ PPST နဲ့ ပရက်ဆော့ခွန်း တွေ့ဆုံမယ့်အစီအစဉ်ကို အချိန်မလုံလောက်တဲ့အတွက် ဖျက်သိမ်းလိုက်ရတယ်လို့ ပြီးခဲ့တဲ့ရက်ပိုင်းက RFA ကို ပြောထား ပါတယ်။

စစ်ကောင်စီ စီစဉ်ပေးတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကိုသာ အကန့်အသတ်နဲ့ တွေ့ခွင့်ရမယ့် ပရက်ဆော့ခွန်းရဲ့ ဒီခရီးစဉ်မှာ အကြမ်းဖက်မှုတွေရပ်တန့်ရေး ဦးစားပေးဆောင်ရွက်မယ်ဆိုတဲ့ သူ့ရဲ့ ပြောဆိုချက်ဟာ လက်တွေ့မှာ ဘယ်လောက်ထိရောက်မှု ရှိမလဲဆိုတာကို ပြည်တွင်းရော ပြည်ပမှာပါ စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။

https://www.rfa.org/burmese/news/asean-envoy-meets-min-aung-hlaing-03212022064842.html

-----------------------------------------------------------------------------------------------------

# ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖို့ အာဆီယံကိုယ်စားလှယ်ကို NUG တောင်းဆို

2022.03.21



အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn Photo: RFA

မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn ရဲ့ ခရီးစဉ်အတွင်း ဖမ်းဆီးခံထားရတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးဝင်းမြင့်တို့ကို တွေ့ဆုံဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ NUG က မတ်လ ၂၁ ရက် ဒီကနေ့ ကြေညာချက် ထုတ်ပြန်တောင်းဆို လိုက်ပါတယ်။

ခရီးစဉ်အတွင်း အာဆီယံ ကိုယ်စားလှယ်အနေနဲ့ စစ်ကောင်စီရဲ့ အကြမ်းဖက် လုပ်ရပ်တွေ ရပ်တန့်အောင် တွန်းအားပေးဖို့၊ NUG ဒါမှမဟုတ် တိုင်းရင်းသားအဖွဲ့တွေကနေ တဆင့် မြန်မာပြည်သူတွေဆီ လူသားချင်းစာနာမှု အထောက်အပံ့တွေ ပေးအပ်ဖို့လည်း တောင်းဆိုချက်ထဲမှာ ပါပါတယ်။

အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn ဆီ NUG အနေနဲ့ တွေ့ဆုံလိုကြောင်း နှစ်ကြိမ်တိုင်တိုင် စာရေးသား ပေးပို့ထားတယ်လို့လည်း ဆိုပါတယ်။

အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn ကလည်း သူ့ခရီးစဉ်အတွင်းမှာ သက်ဆိုင်ရာ အဖွဲ့တွေနဲ့ တွေ့ဆုံမယ်လို့ ပြောထားတာဖြစ်ပါတယ်။ ဘယ်သူတွေနဲ့ တွေ့မလဲဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း ပြောထားတာမရှိပါဘူး။

အာဏာသိမ်း စစ်ကောင်စီဘက်ကတော့ ဖမ်းဆီးခံထားရတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တွေ့ဆုံခွင့်ပေးမှာ မဟုတ်ကြောင်း အတိအလင်းပြောထားပါတယ်။ ဒါပေမဲ့ NLD ကိုယ်စားလှယ်တချို့နဲ့ တွေ့ဆုံခွင့်ပေးမယ်လို့ စစ်ကောင်စီကပြောထားတာပါ။

NLD ဘက်ကတော့ တခြား NLD ကိုယ်စားပြုသူတွေနဲ့ တွေ့ဆုံမှာကို ကန့်ကွက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ပဲ တွေ့ဖို့ ပြောဆိုနေတာလည်း ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုတွေ၊ အရပ်ဖက်လူ့အဖွဲ့အစည်းတွေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းတွေနဲ့ တွေ့ဖို့လည်း NUG က ဒီကနေ့ ထုတ်ပြန်တဲ့ ကြေညာချက်မှာ တောင်းဆိုပါတယ်။

အာဆီယံအထူးကိုယ်စားလှယ် Prak Sokhonn ဟာ ဒီကနေ့ မနက်ပိုင်းမှာ အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်။

ဒီကိုယ်စားလှယ်ရဲ့ ခရီးစဉ်ဟာ မြန်မာပြည်သူတွေရဲ့ သဘောဆန္ဒကို တန်ဖိုးမထားဘဲ စစ်ကောင်စီရဲ့ အကြမ်းဖက် လုပ်ရပ်တွေကို အားပေးအားမြှောက်လုပ်တဲ့ ခရီးစဉ်ဖြစ်တယ်လို့ အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု (GSCB)က ကြေညာချက်ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/nug-urges-asean-envoy-to-have-access-daw-aung-san-suu-kyi-03212022102625.html

---------------------------------------------------------------------------------------------------------------

## မြန်မာစစ်တပ် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ကြောင်း အမေရိကန် သတ်မှတ်ကြေညာ

2022.03.21



၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရိုဟင်ဂျာ ဒုက္ခသည်စခန်းမှာ ဆန္ဒပြနေကြစဉ်။ Photo - reuters

ရိုဟင်ဂျာတွေအပေါ်မြန်မာစစ်တပ်ရဲ့လုပ်ရပ်ဟာ Genocide လို့ခေါ်တဲ့ လူမျိုးတုံးသတ်ဖြတ်မှုနဲ့ Crimes against Humanity ဆိုတဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုမြောက်တယ်လို့ အမေရိကန်အစိုးရက တရားဝင်သတ်မှတ်ကြေညာလိုက်ပါတယ်။

**"မြန်မာစစ်တပ်က တပ်ဖွဲ့ဝင်တွေဟာ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသုတ်သင်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေ ပြုလုပ်ထားတယ်ဆိုတာ ကျနော့်အနေနဲ့ အတိအလင်းထုတ်ဖော် ပြောဆိုပါရစေ။ ဒီလိုပြောဆိုဖို့အတွက် အမေရိကန်နိုင်ငံခြားရေးဌာနက ရရှိထားတဲ့အချက်အလက်တွေကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားတာအပြင်၊ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နဲ့ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့အပါအဝင် တခြားလူ့အခွင့်အရေးအဖွဲ့တွေက စုဆောင်းထားတဲ့အချက် အလက်တွေကိုသုံးသပ်ပြီးမှ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်**"လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်က ပြောပါတယ်။

ဝါရှင်တန်ဒီစီမြို့မှာရှိတဲ့ Holocaust Museum ဆိုတဲ့ လူမျိုးတုံးသတ်ဖြတ်မှု မှတ်တမ်းပြတိုက်မှာ ဒီရက်ပိုင်းအတွင်းပြသထားတဲ့ မြန်မာစစ်တပ်က ရိုဟင်ဂျာတွေကို အကြမ်းဖက်သတ်ဖြတ်မောင်းထုတ်မှု မှတ်တမ်းတွေကို မနေ့က ကြည့်ရှုခဲ့ပြီး ပြောဆိုတဲ့ မိန့်ခွန်းမှာ မစ္စတာဘလင်ကန် ပြောဆိုတာဖြစ်ပါတယ်။

ဒ့ါအပြင် ရိုဟင်ဂျာဒုက္ခသည် ကိုးသိန်းကျော်ကို လက်ခံထားတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း အသိအမှတ်ပြုပါတယ်လို့ သူကပြောပါတယ်။ အဲဒီအပြင် ရိုဟင်ဂျာတွေအကြမ်းဖက်ခံရတာနဲ့ ပတ်သက်လို့ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က - ၂၀၁၇ စက်တင်ဘာလ ၁ ရက်နေ့မှာပြောခဲ့တာကို ပြန်ပြောပါရစေလို့ အခုလို ဆိုပါတယ်။

“ဘင်္ဂလီပြဿနာဟာ နှစ်ရှည်လများ မရှင်းနိုင်ခဲ့တဲ့ ကိစ္စရပ်ဖြစ်ပြီး၊ ဒါကို အစိုးရအနေနဲ့ အကောင်းဆုံးဖြစ်အောင် ဖြေရှင်းနေပါတယ်” လို့ ပြောခဲ့ပြီး၊ ဒီပုဂ္ဂိုလ်ကိုယ်တိုင်ပဲ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ၂၀၂၁ ခုနှစ်မှာ အာဏာသိမ်းခဲ့သလို အလားတူ အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့သူတွေကို ဦးဆောင်နေတယ်လို့ မစ္စတာ ဘလင်ကန်က ထောက်ပြလိုက်ပါတယ်။



၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ Holocaust Museum လူမျိုးတုံးသတ်ဖြတ်မှု မှတ်တမ်းပြတိုက်တွင် မိန့်ခွန်းပြောကြားနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။

အမေရိကန်အစိုးရက ဒီလိုသတ်မှတ်ကြေညာလိုက်တာကို ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီး Asaduzzaman Khan က ကြိုဆိုလိုက်ပါတယ်။

**“အမေရိကန်အစိုးရရဲ့ကြေညာချက်က မြန်မာနိုင်ငံကရိုဟင်ဂျာတွေ နိုင်ငံသားအခွင့်အရေး ပြန်ရဖို့ အတွက် အထောက်အကူဖြစ်ပါလိမ့်မယ်”**လို့လည်း မစ္စတာခန်းကပြောပါတယ်။

အခုလို အမေရိကန်အစိုးရက သတ်မှတ်လိုက်တာနဲ့ ပတ်သက်လို့ စစ်ကောင်စီရဲ့ သဘောထားသိရအောင် ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်ချုပ်ဇော်မင်းထွန်းကို မနေ့ညအထိ RFA က တယ်လီဖုန်းနဲ့ ဆက်သွယ်နေပေမယ့် အဆက်အသွယ်မရသေးပါဘူး။

အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီရဲ့ အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့ ဒီမိုကရက်တစ်အမတ် Edward J. Markey က၊ သမ္မတဘိုင်ဒင်အစိုးရက အခုလိုသတ်မှတ်ကြေညာတာကို ကြိုဆိုလိုက်ပြီး၊ ၂၀၂၁ ခုနှစ် စစ်တပ်ကအာဏာသိမ်းပြီးနောက်ပိုင်း လုပ်ရပ်တွေကိုလည်း War Crimes ဆိုတဲ့ စစ်ရာဇဝတ်မှုနဲ့ Crimes against Humanity ဆိုတဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုမြောက်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆို ပြစ်တင်ရှုတ်ချဖို့ တိုက်တွန်းလိုက်ပါတယ်။

HRW လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ကလည်း အမေရိကန်အစိုးရအနေနဲ့ အခုလို လူမျိုးတုံးသုတ်သင်မှုမြောက်တယ်လို့ကြေညာတာနဲ့တပြိုက်နက် မြန်မာစစ်တပ်ကို အရေးယူဖို့ကိုပါ ဆက်လက်ဆောင်ရွက်ဖို့ မနေ့ကတိုက်တွန်းပါတယ်။

Fortify Rights အဖွဲ့က လူ့အခွင့်အရေးကျွမ်းကျင်သူ ဦးဇော်ဝင်းကလည်း အမေရိကန်အစိုးရကအခုလို တရားဝင်သတ်မှတ်ကြေညာတာဟာ နှစ်ရှည်လများခံစားနေရတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေအတွက် သမိုင်းမှတ်တိုင် တစ်ခုဖြစ်တယ်လို့ ထုတ်ပြန်ပြောဆိုလိုက်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာလုခါလီဒုက္ခသည်စခန်း က ကိုအလီဂျိနက် ကတော့ ဒီလိုသတ်မှတ်ပြောဆိုမှာကို သူတို့စောင့်နေခဲ့တာ ဆယ်နှစ်လောက်ရှိပြီလို့ RFA ကိုပြောပါတယ်။

**“ကျွန်တော်တို့က အမေရိကန်အစိုးရကနေ ဂျီနိုဆိုက်လို့ ပြောပေးဖို့ မျှော်လင့်နေတာက ၂၀၁၂ ခုနှစ်က ရိုဟင်ဂျာတွေအပေါ်မှာ စစ်တပ်က ကျူးလွန်နေတဲ့ ပြစ်မှုတွေစကတည်းက ဂျီနိုဆိုက်ဆိုတဲ့ စကားလုံးကို အမေရိကန်အစိုးရဆီက ကြားချင်နေတာ ကြာပါပြီ။ အချိန်ကာလကတော့ တော်တော်လေးနောက်ကျသွားပြီလို့ ထင်ပါတယ်။ အခု ကျွန်တော်တို့ ဒီဒုက္ခသည်စခန်းရောက်နေ တာ ၅နှစ်နီးပါးရှိနေပါပြီ၊ သို့သော်လည်း ရိုဟင်ဂျာလူမျိုးများအနေနဲ့ကတော့ အမေရိကန်အစိုးရက ဂျီနိုဆိုက်လို့ ပြောပေးမယ့်ဟာကို ကြိုဆိုနေပါတယ်”**

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သခ်ါလီဒုက္ခသည်စခန်းက ရိုဟင်ဂျာလူငယ်များ အစည်းအရုံးရဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ကလည်း ကမ္ဘာ့အင်အားကြီးနိုင်ငံကအ ခုလိုပြောတဲ့အတွက် သူတို့အတွက် အားထားစရာဖြစ်တယ်လို့ ပြောပါတယ်။

**“အခုလက်ရှိ အမေရိကန်သမ္မတကို လေးစားပါတယ်။ သူ သမ္မတ တက်လာတုန်းက သူပေးထားတဲ့ ကတိတစ်ခုရှိတယ်။ သူပြောခဲ့တာက ရိုဟင်ဂျာအရေးနဲ့ပတ်သက်ပြီး review လုပ်ပါမယ်။ ပြီးရင် ဂျီနိုဆိုက် မြောက် မမြောက် ဆုံးဖြတ်မယ်လို့ ပြောခဲ့တာရှိတယ်။ သူ ကတိပေးခဲ့တဲ့အတိုင်း သူက အကောင်အထည်ပေါ်အောင် လုပ်ခဲ့တယ် ဒါ သူ့ကို ကြိုဆိုတာပေါ့။ သူက အခုလို ဂျီနိုဆိုက်လို့ ကြေညာတာနဲ့ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံက အခုလိုပြောလိုက်တာ ကျွန်တော်တို့အတွက် အားထားစရာပေါ့။ အမေရိကန်နိုင်ငံက ကမ္ဘာ့အင်အားကြီးနိုင်ငံက ကျွန်တော်တို့ ကိစ္စကို ဂျီနိုဆိုက်လို့ ပြောလိုက်တာနဲ့ ကျွန်တော်တို့စောင့်မျှော်နေရတဲ့ Justice အတွက် အင်မတန်ပဲ အားသစ်တစ်ခု ဖြစ်မှာပါ။ မြန်မာစစ်ကောင်စီကို ဖယ်ရှားပစ်ပြီး ဘင်္ဂလားဒေ့ရှ်မှ ာရောက်နေတဲ့ ရိုဟင်ဂျာတွေကို နေရပ်ပြန်နိုင်အောင် လုပ်ပေးဖို့ အမေရိကန်အစိုးရကို တောင်းဆိုချင်ပါတယ်။ ဒါ ရိုဟင်ဂျာတွေ အတွက် အောင်ပွဲမဟုတ်ဘူး၊ မြန်မာပြည်တစ်ပြည်လုံးအတွက် အောင်ပွဲပါ။ ဒီကိစ္စဟာ စစ်ကောင်စီအတွက် နိုင်ငံတကာမျက်နှာစာမှာ ထိုးနက်ချက်တစ်ခုလို့ ပြောလို့ရတယ်။”**



၂၀၁၇ ခုနှစ် အောက်တိုဘာလက ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးရင်း သေဆုံးသွားတဲ့ ကလေးရဲ့ အလောင်းကို ပွေ့ချီထားတဲ့ ရိုဟင်ဂျာ ဒုက္ခသည်တစ်ဦး။

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့အခြေစိုက် မြန်မာရိုဟင်ဂျာအသင်း ဥက္ကဋ္ဌ ဦးထွန်းခင်ကလည်း အမေရိကန်အစိုးရရဲ့ကြေညာချက်ကို အခုလို မှတ်ချက်ပေးပါတယ်။

**"ဒီနေ့ကစပြီးတော့ အမေရိကန်ရဲ့ပေါ်လစီတွေဟာ ဒီထက်မက ပြင်းထန်ပြီးတော့ အရေးယူမှုတွေ ရှိလာနိုင်တယ်ဆိုတော့ ကျနော်တို့ ရိုဟင်ဂျာအပါအဝင် လူနည်းစုအားလုံးအတွက် မြန်မာနိုင်ငံအရေးမှာ ပါဝင်လုပ်ဆောင်နေတဲ့သူတွေအတွက် အင်မတန်မှ အားရှိတယ်လို့ ကျနော်ပြောချင်ပါတယ်"**

လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးဖြစ်တဲ့ ဒေါ်ဝေဝေနုကလည်း နိုင်ငံတကာမှာ အရေးယူဖို့ ကြိုးစားနေတာတွေ ပိုအားကောင်းသွားနိုင်တယ်လို့ ရှုမြင်ပါတယ်။

**"မြန်မာနိုင်ငံသူ နိုင်ငံသားတွေ တောင်းဆိုနေတဲ့ စစ်အုပ်စုကိုအရေးယူဖို့၊ သူတို့ရဲ့လူသားမျိုးနွယ်စုအပေါ်မှာ ကျူးလွန်တဲ့ရာဇဝတ်မှုတွေ ပြည်သူတွေအပေါ်မှာကျူးလွန်နေတဲ့ဟာတွေ၊ စစ်ရာဇဝတ်မှု ကျူးလွန်နေတဲ့ဟာတွေကို အရေးယူဖို့ တောင်းဆိုတဲ့နေရာမှာ၊ ဒီဆုံးဖြတ်ချက်ကြောင့် ပိုပြီးအားကောင်း သွားနိုင်တယ်လို့ ပြောလို့ရပါတယ်ရှင့်"**

တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်မှာ ဖိနှိပ်ခံနေတဲ့ ဝီဂါလူမျိုးတွေအရေး၊ ရဝမ်ဒါ၊ ဘော့စနီးယား၊ အီရတ်နဲ့ ဒါဖောက ဖြစ်ရပ်အပါအဝင် ကမ္ဘာတစ်ဝန်းဖြစ်ရပ် ခုနစ်ခုကို လူမျိုးတုံးသတ်ဖြတ်မှု မြောက်တယ်လို့ အမေရိကန်အစိုးရက သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာပြည်က ရိုဟင်ဂျာကိစ္စဟာ Genocide မြောက်တဲ့ကျူးလွန်မှုအဖြစ် ကြေညာခံရတဲ့ အဋ္ဌမမြောက်ဖြစ်ရပ်လို့ မစ္စတာဘလင်ကန်က ပြောလိုက်ပါတယ်။

https://www.rfa.org/burmese/news/us-govt-myanmar-junta-genocide-rohingya-03212022115351.html

-----------------------------------------------------------------------------------------------

## ဩစတြေးလျက မြန်မာ CDM စစ်သားများအား ပြည်ဝင်ခွင့်ပေး

By ဧရာဝတီ | 21 March 2022

ရက်စက်ကြမ်းကြုတ်သော ဇာတ်လမ်းများဖြင့် ထွက်ပြေးလွတ်မြောက်လာသည့် မြန်မာ CDM စစ်သားများကို ပြည်ဝင်ခွင့် ဗီဇာများကို ဩစတြေးလျက စတင်ထုတ်ပေးနေပြီဖြစ်သည်။

မြန်မာနိုင်ငံကို လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလတွင် စစ်ကောင်စီက ရွေးကောက်ခံ အရပ်သားအစိုးရထံမှ အာဏာသိမ်းခဲ့သည်။

ဩစတြေးလျ အစိုးရက ဇန်နဝါရီလကတည်းက လက်ခံထားပြီးဖြစ်သည့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသည့် စစ်သားနှစ်ဦးကို ဩစတြေးလျ သတင်းစာ The Sydney Morning Herald နှင့် The Age တို့က တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာထိုင်းနိုင်ငံစပ်သို့ ထွက်မပြေးမီ ခုခံရေး အင်အားစုများနှင့် ပူးပေါင်းခဲ့သော စစ်သားဟောင်းတဦးက သူသည် စစ်အာဏာသိမ်းမှုကို လက်မခံနိုင်သောကြောင့် စစ်တပ်မှ စွန့်ခွာခဲ့ကြောင်း ပြောသည်။

"ကျနော် အရပ်သားတွေကို မသတ်ချင်ဘူး၊ မဆန့်ကျင်ချင်ဘူး" ဟု မြန်မာနိုင်ငံတွင် မိသားစုများကျန်နေသောကြောင့် ၎င်းတို့၏ လုံခြုံရေးအတွက် အမည်မဖော်လိုသော စစ်ဗိုလ်ဟောင်းက ပြောသည်။

"နယ်စပ်မှာ ပုန်းအောင်းနေတဲ့ စစ်သားဟောင်းတွေ အများကြီးရှိတယ်။ မြန်မာနိုင်ငံမှာ ကျနော်တို့အတွက် မလုံခြုံဘူး။ နယ်စပ်မှာ နည်းနည်း ပိုလုံခြုံတယ်။ ဒါပေမယ့် ကျနော်တို့မှာအခက်အခဲတွေရှိလို့ ဘဝသစ် စတင်ချင်တယ်" ဟုသူပြောသည်။

ဩစတြေးလျတွင် မိသားစုနှင့်အတူ အခြေချပြီးဖြစ်သော သူ၏အမည်ကို ထုတ်ဖော် မပြောလိုသူ အခြားစစ်သားတဦးကလည်း ထိုင်းနိုင်ငံသို့ သူထွက်ပြေးလာပြီးသည့်တိုင် အသက်အန္တရာယ်ရှိနေကြောင်း ပြောသည်။

စစ်ကောင်စီတပ်များက လေကြောင်းတိုက်ခိုက်မှုများတွင် အရပ်သားများကို ပစ်မှတ်ထားခြင်း၊ ပြည်သူများကို အရှင်လတ်လတ် မီးရှို့သတ်ခြင်းနှင့် ညှင်းပမ်းနှိပ်စက်ခြင်းများအပါအဝင် ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ပြီးနောက် မြန်မာစစ်ကောင်စီသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ကျူးလွန်နေကြောင်း ကုလသမဂ္ဂက ပြီးခဲ့သည့်အပတ်အတွင်း အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

စစ်ကောင်စီတပ်များသည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် လူပေါင်း ၇ သိန်းကျော်ကို နိုင်ငံမှ ထွက်ပြေးစေခြင်းအပါအဝင် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာမွတ်ဆလင်များကို ဖြိုခွဲမှုများကို ကျူးလွန်စဥ်က လူမျိုးတုံးသတ်ဖြတ်မှုများအတွက်လည်း စစ်ကောင်စီသည် ကုလသမဂ္ဂတရားရုံးတွင် အမှုရင်ဆိုင်နေရသည်။




ပြည်သူ့ရင်ခွင်က ဖြန့်ချိနေသော လက်ကမ်းစာစောင်

အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့် ယုတ်မာရိုင်းစိုင်းမှုများကြောင့် ထိတ်လန့်တုန်လှုပ်ပြီး စစ်သား ၂၅၀၀ နှင့် ရဲ ၆၀၀၀ တို့သည် စစ်အုပ်စုထံမှ ထွက်ပြေးကြောင်း မြန်မာနိုင်ငံတွင်းမှ ခုခံရေး အင်အားစုများ ပြောသည်။ အရေအတွက်အတိအကျ မသိရသူများသည် အင်အား ၃ သိန်းရှိသည်ဆိုသည့် စစ်ကောင်စီတပ်မှ ထွက်ပြေးပြီး အိန္ဒိယနှင့် ထိုင်းနိုင်ငံများသို့ ဖြတ်ကျော်ဝင်ရောက်ကြသည်။

လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအတွက် လူသားချင်းစာနာမှု ပြန်လည်နေရာချထားရေး စည်းကမ်းချက်များနှင့် ပတ်သက်ပြီး မှတ်ချက်ပေးမည် မဟုတ်ကြောင်း ဩစတြေးလျ ပြည်ထဲရေး ဝန်ကြီးဌာနက ကြေညာချက်တစောင်တွင် ဖော်ပြသည်။

"ဗီဇာလျှောက်ထားမှု တခုခြင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံအခြေအနေအပေါ် ကျယ်ပြန့်သော သတင်းအချက်အလက်အရ တဦးချင်းအပေါ် အခြေခံစဥ်းစားသည်" ဟု ထိုကြေညာချက်က ဖော်ပြသည်။

"လျှောက်ထားသူ တဦးချင်းစီသည် ဗီဇာရရှိရေးအတွက် သက်ဆိုင်ရာ အများပြည်သူအကျိုးစီးပွားဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ ပြည့်မီရန် လိုသည်" ဟုလည်း ဆက်လက်ဖော်ပြသည်။

မြန်မာ့အတိုက်အခံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ဩစတြေးလျ ကိုယ်စားလှယ် ဒေါက်တာ ထွန်းအောင်ရွှေက စစ်တပ်မှ ထွက်ပြေးလာသူများကို ဩစတြေးလျ အစိုးရက လက်ခံခဲ့သည်ကို

သူသတိထားမိကြောင်း၊ အနောက်နိုင်ငံများ၏ ထိုသို့သော ဆောင်ရွက်ချက်များသည် စစ်ကောင်စီကို အင်အားချည့်နဲ့စေနိုင်သည်ဟု ယုံကြည်ကြောင်း the Herald နှင့် the Age သတင်းစာများသို့ ပြောသည်။

" သြစတြေးလျ၊ နယူးဇီလန်နဲ့ အမေရိကန် အစိုးရတွေအနေနဲ့ စစ်တပ်က ထွက်ပြေးလာသူတွေကို အကူအညီ ပေးဖို့ တောင်းဆိုရမယ်လို့ NUG အစိုးရ နိုင်ငံခြားရေးဝန်ကြီးက ကျနော့်ကိုပြောတယ်" ဟု သူဆက်ပြောသည်။ သူ၏ကွယ်လွန်သူ ဖခင်သည် ဖြုတ်ချခံ အရပ်သားအစိုးရ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်သည့် ခေါင်းဆောင်တဦးဖြစ်သည်။

"န်ိုင်ငံတကာ အသိုက်အဝန်းနဲ့ အစိုးရတွေက စစ်တပ်က ထွက်ပြေးလာသူတွေကို အကာအကွယ်ပေးနိုင်မှသာ စစ်တပ်ပြိုကွဲမှုဟာ အရှိန်အဟုန် ရလာမှာဖြစ်တယ်" ဟုလည်း သူပြောသည်။

"သြစတြေးလျကို မရောက်ခင်က ခုခံရေးအင်အားစုတွေမှာ ပါဝင်ခဲ့ပြီး ထိုင်းကနေ သြစတြေးလျကို ရောက်လာတဲ့ တပ်က ထွက်ပြေးလာသူနှစ်ဦးကို ကျနော်သိပါတယ်" ဟု သူဆက်ပြောသည်။

လူမှုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ပြီး NUG နှင့် အဆက်အသွယ်ရှိသော စစ်သားဟောင်းများ အဖွဲ့ဖြစ်သည့် ပြည်သူ့ရင်ခွင်အဖွဲ့သည် ဘက်ပြောင်းလာသူများ၏ နောက်ခံအကြောင်းများကို စစ်ဆေးရာတွင် အရေးကြီးကြောင်းပြောသည်။

လွတ်လပ်သော မြန်မာ့ရေးရာ ထိပ်တန်းသုတေသီ ဒေးဗစ်မက်သီဆန်က စစ်တပ်အပေါ် သက်ရောက်မှုကို တိုင်းတာရာတွင် တပ်မှ ထွက်ပြေးခြင်းနှင့် ဘက်ကူးပြောင်းလာခြင်းအကြား ခွဲခြားသိမြင်ရန် အရေးကြီးသည်ဟု ယူဆသည်။

"ဒါပေမယ့် ကျနော်တို့က စစ်တပ်ရဲ့အင်အား၊ အရွယ်အစား၊ ထိခိုက်သေဆုံးမှုနဲ့ တပ်က စွန့်ခွာထွက်ပြေးမှု တွေကို အတိအကျ မသိရဘဲ လုပ်နေရတယ်။ ဒါတွေက ဘယ်လိုဆက်ဖြစ်လာမယ်ဆိုတာ သေချာပေါက် ဘယ်သူမှ မပြောနိုင်ဘူး" ဟုလည်း သူပြောသည်။

"တပ်က ထွက်ပြေးတာကို နားမလည်နိုင်ရင် စစ်အုပ်စုပြိုကွဲမှာကို ပြောဖို့ စောပါသေးတယ်" ဟုလည်း သူပြောသည်။

အာဏာသိမ်းမှုနောက်ပ်ိုင်းတွင် နိုင်ငံရေးအရ နိုင်ငံမှ ထွက်ပြေးလာသူ သို့မဟုတ် တက်ကြွလှုပ်ရှားသူ မည်မျှကို သြစတြေးလျတွင် လက်ခံထားသည်ကို ပြည်ထဲရေးဌာနက ပြောကြားခြင်း မရှိသော်လည်း အစိုးရ စာရင်းများအရ လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ မြန်မာမှ လူ ၅၁၃ ဦးကို နေရပ်ပြန်ရန် ခက်ခဲသောကြောင့် အကာအကွယ်ပေးသော ဗီဇာများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ဘက်ပြောင်းလာသော စစ်တပ်ဖွဲ့ဝင်များကို သြစတြေးလျက အကာအကွယ် ဗီဇာများ ထုတ်ပေးသည်မှာ သတင်းကောင်းဖြစ်သော်လည်း ထိုအစီအစဉ်ကို မြန်မာ ဒုက္ခသည်များ လက်ခံရေး တိုးချဲ့ဆောင်ရွက်ရန် လိုကြောင်း မက်သီဆန် ပြောသည်။

"ထင်ရှားတဲ့ တက်ကြွလှုပ်ရှားသူတွေအတွက်သာမက ပြည်ဝင်ခွင့်ပေးရေးမှာ လျစ်လျူရှုခံနေရတဲ့ ပြည်တွင်းစစ်ရဲ့ သားကောင် တိုင်းရင်းသားတွေ၊ တနိုင်ငံလုံးက အိမ်မှာနေပြီး ပုံးကြတိုက်ခိုက်ခံရသူတွေကိုလည်း အကာအကွယ်ပေးသင့်တယ်" ဟု သူပြောသည်။

ယူကရိန်းကို ရုရှားကျူးကျော်မှုအား တုံ့ပြန်သည့် ပုံစံနှင့်မတူဘဲ သြစတြေးလျ အစိုးရသည် မြန်မာစစ်ကောင်စီကို အရေးယူပိတ်ဆို့ရာတွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အခြားနိုင်ငံများနှင့် ပူးပေါင်းခြင်း မရှိပေ။

ထိုသို့အရေးယူရန် စိတ်အားထက်သန်မှုမရှိခြင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ စီးပွားရေး အကြံပေး ရှောင်တာနဲလ်ကို လွန်ခဲ့သော တနှစ်က စတင်ပြီး စစ်ကောင်စီက ဖမ်းဆီးထားခြင်းနှင့်လည်း တိုက်ဆိုင်နေသည်။ သူသည် သူ့ကိုထောက်ခံသူများနှင့် နိုင်ငံတကာအသိုက်အဝန်းက မမျှတဟု ယူဆသည့် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ ချိုးဖေါက်သည်ဟု စွဲချက်တင်ခံထားရသည်။

*ကိုးကား။. ။ The Sydney Morning Herald မှ Australia issues protection visas to Myanmar military defectors*

https://burma.irrawaddy.com/news/2022/03/21/250722.html

---------------------------------------------------------------------------------------------------------

## ကချင် ပူးပေါင်းတပ်များနဲ့ စစ်ကောင်စီ တိုက်ပွဲ ခပ်စိတ်စိတ် ဖြစ်နေ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်။



ကချင်ပြည်နယ်တွင် စစ်ကောင်စီတပ်က စစ်ရေးလှုပ်ရှားမှုများကို ယခင်ကထက် ယခုမတ်လအတွင်း ပိုမို ပြုလုပ် လာသည့်အတွက် တိုက်ပွဲများ ခပ်စိပ်စိပ် ပြန်လည်ဖြစ်ပွားလာနေသည်ဟု ကချင်လွတ်လပ်ရေး အဖွဲ့ KIO/KIA က ပြောသည်။

မတ်လ ၁၉ ရက်နေ့ (ယမန်နေ့) စစ်ကောင်စီ၏ ၂၁ မိုင် စုပေါင်းဂိတ်ကို KIO/KIA နှင့် KPDF တို့က ဝင်ရောက်တိုက်ခိုက်သကဲ့သို့ ဟိုပင်မြို့နယ်တွင်လည်း စစ်ကောင်စီတပ်က စစ်ရေးလှုပ်ရှားလာသည့်အတွက် တိုက်ပွဲဖြစ် ပွားခဲ့သည်ဟု KIO/KIA သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက ပြောသည်။

"ဟိုပင်နားမှာလည်း တစ်ချက်ဖြစ်ပါတယ်။ ဟိုပင်နားမှာလည်း ဟိုစကစတပ်တို့ လှုပ်ရှားလာလို့ ရင်ဆိုင် တိုက်ပွဲရှိပါတယ်။ ဒီမနက် အဲ့ဒါလည်း မနက် အစောကြီးဖြစ်ပါတယ်။ ၆ နာရီ ၇ နာရီ ကြားပေါ့။ အခုဆက်ပြီးမှ ၂၁ မိုင်ဖက်မှာ တိုက်ပွဲပြန်ဖြစ်တာ ဟိုပင်ဖက်မှာ ထိတွေ့ ရင်ဆိုင်တိုက်ပွဲတွေ ပြန်ဖြစ်တာဆိုတော့ ခပ်စိပ်စိပ်လေး တိုက်ပွဲဖြစ်တယ်လို့ ပြောလို့ရ တာပေ့ါ" ဟု ဗိုလ်မှူးကြီးနော်ဘူ က ပြောသည်။

ဟိုပင်တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ထိခိုက်ကျဆုံးမှုများရှိနေသည်ဟု သတင်းအရင်းအမြစ်အချို့က ပြော ဆိုသော်လည်း သတင်းနှင့်မီဒီယာကွန်ရက် သတင်းဌာနအနေဖြင့် သီးခြား အတည်ချက်မရှိသေးပေ။

ထို့အပြင် ပြီးခဲ့သည့် ရက်ပိုင်းကလည်း KIO/KIA ဌာနချုပ် လိုင်ဇာမြို့အနီးသို့ စစ်ကောင်စီတပ်များက စစ်ရေးလှုပ်ရှားလာသည့်အတွက် ၅ ရက်ဆက်တိုက် တိုက်ပွဲဖြစ်ပွားခဲ့သေးသည်ဟု ဗိုလ်မှူးကြီးနော်ဘူ က ဆက်ပြောသည်။

၎င်းက "ဒီတပတ်အတော အတွင်းမှာတော့ ကျနော်တို့ လှုပ်ရှား တပ်မပေ့ါနော် လှုပ်ရှား တပ်မဌာနချုပ်နားမှာလည်း ဒီလ ၁၂ ရက်ကနေ ၁၇ ရက်နေ့အထိပေ့ါ။ ၅ ရက်လောက်တိုက်ပွဲဖြစ်တာ။ အခုတော့ အဲဖက်မှာလည်း ပြန်ငြိမ်သွားပြီ။ စကစဖက် နည်းနည်းလှုပ်ရှားလို့ရှိရင်တော့ တိုက်ပွဲကတော့ ဆက်ဖြစ်မှာပါ။ အားလုံးငြိမ် သွားတဲ့ သဘောမျိုးတော့ မဟုတ်ဘူးပေ့ါနော်။ နေရာတကာမှာ ခပ်စိပ်စိပ်လေး တိုက်ပွဲဖြစ်တယ်ဆိုတော့ စကစဖက်က နည်းနည်းလှုပ်ရှားလို့ရှိရင်တော့ တိုက်ပွဲကတော့ ပြန်ဖြစ်မှာပဲ" ဟု ပြောသည်။

ကချင်ပြည်နယ်တွင် စစ်ကောင်စီတပ်များနှင့် ကချင်လွတ်လပ်ရေး တပ်မတော် KIO/KIA တို့ အကြား တိုက်ပွဲများ ခပ်စိပ်စိပ် ပြန်လည်ဖြစ်ပွားနေသကဲ့သို့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လည်း တိုက်ပွဲများ ဖြစ်ပွားနေသည်ဟု သိရသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် စစ်ကောင်စီတပ်များက စစ်ရေးလှုပ်ရှားမှုများကို ယခင်ကထက် ပိုမို ပြုလုပ်လာသည့်အတွက် နစ်ဖက်စစ်ရေး တင်းမာမှုများ ရှိနေသည်ဟု KIO/KIA က ပြောသည်။

ထိုသို့ စစ်ကောင်စီတပ်ဖက်မှ စစ်ရေးလှုပ်ရှားမှုများကို ပိုမိုပြုလုပ်လာသည့်အတွက် တိုက်ပွဲများကလည်း အချိန်မရွေး ထပ်မံဖြစ်ပွားလာနိုင်သည့် အပြင် ပိုမို၍လည်း ပြင်းထန်လာနိုင်သည်ဟု ဗိုလ်မှူးကြီးနော်ဘူက ပြောသည်။

https://www.nmg-news.net/2022/03/20/18207

-----------------------------------------------------------------------------------------------------------

## မော်ခီးအခြေစိုက် စစ်ကောင်စီစခန်းကို KNLA ပူးပေါင်းတပ်ဖွဲ့ ဝင်ရောက် သိမ်းပိုက်

မတ်လ ၂၁ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ



မြဝတီခရိုင်၊ ဝေါလေမြို့နယ်ခွဲ၊ မောခီးကျေးရွာအခြေစိုက် စစ်ကောင်စီ ခြေလျင်တပ်ရင်း(ခလရ-၃၂) စခန်း ကို ကရင်အမျိုးသားအစည်းအရုံး-KNU၊ တပ်မဟာ (၆) လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-KNLA ၂၀၁ တပ်ရင်းနှင့် ပူးပေါင်းတပ်ဖွဲ့တို့ ယနေ့ ညနေ ၅နာရီအချိန်ခန့်တွင် ဝင်ရောက် သိမ်းပိုက် လိုက်ကြောင်း KNLA ဘက်က အတည်ပြု ပြောဆိုသည်။

မောခီးအခြေစိုက် ခလရ-၃၂ တပ်ရင်းစခန်း နှင့် ၎င်းတပ်ရင်းကို လာရောက် လုံခြုံရေး ပေးနေသည့် စစ်ကောင်စီ ခြေမြန်တပ်ရင်း(ခမရ-၅၅၅ )စစ်ကြောင်း(၂) တပ်ဖွဲ့ကို ယနေ့ နံနက်ပိုင်းအချိန်မှစ၍ KNLA ၂၀၁ တပ်ရင်း နှင့် မကြာသေးခင်က KNLA နှင့် လာရောက်ပူးပေါင်းသည့် ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် - DKBA တပ်မှူးဟောင်း ဗိုလ်စောနော်ခူးတို့ ပူးပေါင်း တပ်ဖွဲ့ဝင်များမှ ဝင်ရောက် တိုက်ခိုက်ရာ ယနေ့ ညနေ ၅နာရီဝန်းကျင်တွင် စခန်းကို သိမ်းပိုက်နိုင်ခဲ့ကြောင်း KNLA ၂၀၁ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောဘူးဖောက ယခုလို ပြောသည်။

"မောခီးစခန်းကို ကျနော်တို့ လူတွေ မနက်ကတည်းက သွားပစ်တာ ၅ နာရီလောက်ကြတော့ အဲ့စခန်းကျသွားတာပဲ။ အခုတော့ စခန်းကို ရှင်းလင်းနေတုန်းပဲ။ ဒါပေမဲ့ ကနယ်လေးဘက်ကတော့ ၁၂၀ နဲ့ လှမ်းလှမ်းပစ်နေတုန်းပဲ။ အချက်ပေါင်း တစ်ဆယ် နှစ်ဆယ်လောက်ရှိပြီး။" ဟု ဒုတိယဗိုလ်မှူးကြီး စောဘူးဖောက ကေအိုင်စီ သို့ ပြောသည်။

အဆိုပါ မောခီးစခန်းတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၂၈ ဦးခန့်ရှိနေပြီး လတ်တလောအချိန်ထိ လက်နက်ခဲယမ်း သိမ်းဆည်းရမိမှု အခြေအနေနှင့် ထိခိုက်သေဆုံးမှု အခြေအနေကို အသေးစိတ်မသိရှိရသေးသော်လည်း KNLA ပူးပေါင်းတပ်ဖွဲ့ဘက်မှ ထိခိုက်သေဆုံးမှု မရှိကြောင်းလည်း KNLA ၂၀၁ တပ်ရင်းမှူးက ဆက်ပြောသည်။

အလားတူ ပြီးခဲ့သည့် မတ်လ ၁၃ရက်နေ့က အဆိုပါ ခြေမြန်တပ်ရင်း (ခမရ-၅၅၅) နှင့် ခြေလျင်တပ်ရင်း (ခလရ-၃၂) မှစခန်းမှူး ၊ ဒုစစ်ကြောင်းမှူး နှစ်ဦးအပါအဝင်း ၎င်းတို့ကို လုံခြုံရေး လိုက်ပါ ရယူပေးသည့် တပ်သား နှစ်ဦးကို လည်း KNLA တပ်ရင်း ၂၀၁နှင့် ပူးပေါင်း တပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့သေးသည်။

[https://kicnews.org/2022/03/မော်ခီးအခြေစိုက်-စစ်ကော/](https://kicnews.org/2022/03/မော်ခီးအခြေစိုက်-စစ်ကော/)

-----------------------------------------------------------------------------------------------

## မော်ခီးစခန်းကို ကေအန်ယူက တိုက်ခိုက်သိမ်းပိုက်၊ စစ်ကောင်စီတပ်သားများထွက်ပြေး၊၁ ဦးသေ၊ ၁ ဦးဖမ်းမိ

Published By DVB | 21 March, 2022



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ဝေါလေမြိုင်မြို့နယ်ခွဲရှိ စစ်ကောင်စီတပ်စွဲထားတဲ့ မော်ခီးစခန်းကို KNLA-KNDO နဲ့ ပူးပေါင်းတပ်တွေ မတ်လ ၂၁ ရက် ဒီ ညနေ ၄ နာရီကျော်ခန့်လောက်မှာ ဝင်ရောက်သိမ်းပိုက်လိုက်တယ်လို့ KNLA တပ်ဖွဲ့ကနေသိရပါတယ်။

အဆိုပါ စစ်ကောင်စီတပ်စခန်းဟာ မြဝတီမြို့တောင်ဘက်မှ မိုင် ၅၀ လောက်အကွာ မြန်မာ-ထိုင်းနယ်စပ်နဲ့ ၃ မိုင်လောက်သာ ကွာဝေးပြီး စခန်းအတွင်း စစ်ကောင်စီ အင်အား ၃၀ လောက် တပ်စွဲထားတဲ့စခန်းဖြစ်ပါတယ်။

မော်ခီးစခန်းကို သိမ်းပိုက်နိုင်ရေးအတွက် KNU/KNLA တပ်မဟာ(၆) လက်အောက်ခံ ဌာနဆိုင်ရာအဆင့်ဆင့်ရဲ့ ခွင့်ပြုချက်ရယူပြီး မတ်လ ၂၁ ရက် ညနေ ၄ နာရီကျော်လောက်မှာ မော်ခီးစစ်ကောင်စီ စခန်းကို ဝင်ရောက်သိမ်းပိုက်လိုက်တာလို့ တိုက်ပွဲပါဝင်တဲ့ KNLA တပ်ဖွဲ့ဝင် တယောက်က ပြောပါတယ်။

စခန်းသိမ်းတိုက်ပွဲမှာ စစ်ကောင်စီတပ်သားတွေ ဘေးလွတ်ရာထွက်ပြေးသွားကြပြီး အနည်းဆုံး တယောက် သေဆုံးကာ တယောက်ကိုတော့ အရှင်ဖမ်းဆီးရမိခဲ့ကာ လက်နက်ကြီး ၁၂၀ မမ တစ်လက်၊ ၁၂၀ မမကျည် အလုံး ၅၀ ၊ RPG 7 ကျည်အလုံး ၅၀ သိမ်းဆည်းရမိကာ ကျန်လက်နက်ခဲယမ်းတွေကိုတော့ အခုအထိ ရှင်းလင်းနေတုန်းပဲလို့ ဆိုပါတယ်။

ကော့ကရိတ်မြို့နယ်ထဲမှာလည်း စစ်ကောင်စီတပ်တွေနဲ့ KNLA တပ်တွေအကြားတိုက်ပွဲ ဖြစ်ပွားခဲ့သလို တပ်မဟာ(၅) နယ်မြေဘက်မှာလည်း နှစ်ဘက် စစ်ရေးတင်းမာနေပါတယ်။

https://burmese.dvb.no/archives/523393

------------------------------------------------------------------------------------------

## ကော့ကရိတ် တောင်ပိုင်းရှိ ကေအဲန်ယူ၏ တောနော်ဆေးရုံအား စစ်ကောင်စီ တိုက်ခိုက်နေရာယူ၊ မြေပြင်တိုက်ပွဲဆက်လက်ဖြစ်ပွားနေ

March 21, 2022

**မတ်လ ၂၁ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo: CJ

ကော့ကရိတ် တောင်ပိုင်း တောနော်ဆေးရုံ အပါအဝင် ဒေသကျေးရွာများအား စစ်ကောင်စီဘက်မှ အင်အား အလုံးအရင်းဖြင့် တိုက်ခိုက် နေရာယူထားပြီး မြေပြင်တိုက်ပွဲ နေ့ရောညပါ ဖြစ်ပွားနေဆဲဖြစ်ကြောင်း ဒေသသတင်းအရင်းအမြစ်များ၏ ပြောဆိုချက်အရ သိရသည်။

ဒေသသတင်းအရင်းအမြစ်တစ်ခုက “တိုက်ပွဲက နေ့ရောညပါ ဖြစ်နေတယ်။ အံဖကြီးကို အခု ကျော်လာပြီ၊ အံဖကြီးက KNU လက်အောက်ခံ ရဲတပ်ဖွဲ့ KNPF စခန်းကိုလည်း သူတို့ ဝင်တပ်စွဲထားတယ်။ တောနော်ဆေးရုံကို ညက စစ်ကောင်စီတပ်တွေ စခန်းထိုင်လိုက်ပြီ။ ဒီမနက် နန်းရွှေမှုံ ရွာမှာ တိုက်ပွဲ ဆက်ဖြစ်နေတယ်။ နန်းရွှေမှုံ ဘုန်းကြီးကျောင်းကိုလည်း စစ်ကောင်စီတပ်က နေရာယူထားပြီ။ “ဟု ကေအိုင်စီသို့ ပြောသည်။

ယခုဖြစ်ပွားသည့် တိုက်ပွဲကြောင့် ထောင်နှင့်ချီသော ဒေသခံရွာသားများမှာ ဒေါက်ပလံ၊ သုံးဆယ့်သုံးဆူ ကျေးရွာဘက်ကို စစ်ဘေးရှောင်နေကြရသည်ဟု ဒေသခံစစ်ရှောင်များက ပြောသည်။

အဆိုပါ စစ်ကောင်စီတပ်များ KNU တပ်မဟာ၆ နယ်မြေ အတွင်းသို့ နယ်ခြားစောင့်တပ် -BGF အဖွဲ့ များ နှင့် ပူးပေါင်းကာ စစ်အင်အား အလုံးအရင်းဖြင့် စစ်ကြောင်းထိုး ဝင်ရောက်တိုက်ခိုက်လာနေသည့်အတွက် ယနေ့ ၂၁ ရက် နံနက်ပိုင်းအထိ ကော့ကရိတ်တောင်ပိုင်း အံဖကြီး၊ နန်းရွှေမှုံ၊ ဖန်ခါးကုန်း၊ တောင်ကြာအင်း၊ ကျေးရွာများဘက်တွင် KNLA ပူးပေါင်းတပ်များ နှင့် နေရာစုံ တိုက်ပွဲ ဖြစ်ပွားနေသည်။

အဆိုပါ တိုက်ပွဲဖြစ်ကျေးရွာများဘက်သို့ ကော့ကရိတ် ခလရ ၉၇ တပ် ၊ လှိုင်ဝ အမြောက်ကုန်း၊ စကခ ၁၂ အမြောက်ကုန်းတို့မှ လက်နက်ကြီး ပစ်ကူပစ်ခတ်မှုဆက်တိုက် ပစ်ခတ်နေကြောင်း သိရပြီး မြေပြင်တိုက်ပွဲ အခြေအနေအရ နှစ်ဖက်ထိခိုက်ကျဆုံး မှုများရှိနေကြောင်း သိရသည်။

https://kicnews.org/2022/03/ကော့ကရိတ်-တောင်ပိုင်းရှ/

---

## KNU ဒူးပလာယာခရိုင်အတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် စစ်ဘေးရှောင်နေရသူ တိုးလာနေ

**မတ်လ ၂၀ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



KNU-ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် (တပ်မဟာ ၆ )အတွင်း စစ်ဆင်ရေးအသွင်ဖြင့် စစ်ကောင်စီ စစ်ကြောင်းများ နေရာစုံဝင်ရောက် တိုက်ခိုက် လာနေမှုကြောင့် ဒေသတွင်း တိုက်ပွဲများလွတ်ရာ နေရာများသို့ စစ်ဘေးရှောင်ကြရသူ ဒေသခံတစ်သောင်းနီးပါးအထိရှိလာနေပြီဟု စစ်ဘေးရှောင်ကူညီရေး လုပ်ဆောင်နေ သူများက ပြောသည်။

တပ်မဟာ ၆ နယ်မြေအတွင်း စစ်ကောင်စီတပ်များ ပြန်ဆုတ်ခွာရန် KNU က မတ်လ ၇ ရက်နေ့တွင် စာထုတ် အပြီး စစ်ကောင်စီဘက်မှ အင်အားတိုး စစ်ဆင်ရေး အသွင်ဖြင့် နယ်မြေရှင်းလင်းရေး အကြောင်းပြကာ စစ်ကြောင်းများ နယ်မြေကျော်လွန်ဝင်ရောက် တိုက်ခိုက်လာနေသည့်အတွက် မြဝတီ၊ လေးကေကော်၊ ကော့ကရိတ်၊ သေ့ဘောဘိုး၊ ဝေါလေ၊ စုကလိ၊ တောင်ကြားအင်း၊ ကြာအင်းဆိပ်ကြီးနှင့် အာရှလမ်းသစ် နေရာတို့တွင် ပစ်ခတ်တိုက်ခိုက်မှုများ နေ့စဉ်လိုလိုဖြစ်ပွားလျက်ရှိသည်။

ယမန်နေ့ မတ်လ ၁၉ ရက်တွင် ကော့ကရိတ်တောင်ပိုင်း အံ့ဖကြီးကျေးရွာ နှင့် မြဝတီကွင်းကလေး ကျေးနယ်အပိုင် တုံးတံတား၊ ကျောက်တောင်ဘက်တွင် တိုက်ပွဲများဖြစ်ပွားနေပြီး ယနေ့နံနက်ပိုင်းက လေးကေကော် အမြောက်ကုန်းအနီးတွင်လည်း တိုက်ခိုက်ပစ်ခတ်မှုများ ဖြစ်ပွားနေသောကြောင့် ဒေသတွင်း တိုက်ပွဲများလွတ်ရာ နေရာများသို့ စစ်ဘေးရှောင်ကြရသူ ဒေသခံတစ်သောင်းနီးပါးအထိရှိလာနေပြီဖြစ်ကြောင်း စစ်ဘေးရှောင် ကူညီရေးလုပ်ဆောင်နေသူတစ်ဦးက ယခုလို ပြောသည်။

“ဒီ မတ်လ ဆန်းရက်ကတည်းက လေးကေကော်နဲ့ ကော့ကရိတ်က ရက်ခြား ဆိုသလို ရွာတွေဘက်မှာ တိုက်ပွဲ ဖြစ်နေတာကနေ အခုဆို နေရာစုံမှာ ဖြစ်လာနေပြီ၊ နေရာစုံဖြစ်လာတော့ ကျေးရွာတွေက ရွာသားတွေ နီးစပ်ရာ တိုက်ပွဲလွတ်မယ်ထင်တဲ့ ရွာတွေ ဘုရားကုန်းတွေ၊ ဘုန်းကြီး ကျောင်းတွေဘက်ကို အစုလိုက် စစ်ရှောင် နေကြရတယ်။ ဘယ်တော့ တိုက်ပွဲဖြစ်မယ် ကြိုမသိရတဲ့ အခြေအနေမှာ ပြေးကြရှောင်ကြရတာ ဆိုတော့ နေရာထိုင်ခင်းတို့၊ စားစရာတို့ ပါမလာတာ များကြတယ်၊ “ဟု ၎င်းက ပြောသည်။

ယခုရက်ပိုင်းအတွင်း ကော့ကရိတ်တောင်ပိုင်းနှင့် တောင်ကြာအင်းဘက်တွင် စစ်ရှောင်ဒေသခံ ရွာသားနှစ်ထောင် နီးပါးအပြင် လေးကေကော်၊ ကျောက်ခဲက်၊ ဝေါလေစစ်ဘေးရှောင် ဒေသခံခြောက်ထောင်ကျော်နှင့် ကြာအင်း ဆိပ်ကြီး၊ စုကလိ၊ ကနဲလေးဒေသများမှ စစ်ရှောင်များအပါ အဝင် ခန့်မှန်းခြေ စစ်ဘေးရှောင် ပြည်သူတစ်သောင်းဝန်းကျင်ပြန်ရှိလာနေသည်ဟု စစ်ရှောင်ကူညီဆောင်ရွက်ပေးနေသူများက ပြောသည်။

KNU ဒူးပလာယာ ခရိုင်၊ ကော့ကရိတ် မြို့ နယ်အတွင်းမှ စစ်ကောင်စီအုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများလုံး ထွက်ခွာကြရန် မတ်လ ၁၇ ရက်နေ့စွဲဖြင့် သတိပေးစာထုတ်ပြန်ပြီးနောက် စစ်ကောင်စီတပ်၊ ကရင်နယ်ခြားစောင့်တပ်-BGFများသည် ကော့နွဲ ၊ အံ့ဖကြီး၊ တောင်ကြာအင်းနှင့် လောင်းကိုင် ကျေးရွာများဘက်သို့ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက် စစ်ကြောင်းထိုးလာသည့်အတွက် နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားလျက်ရှိသည်ဟု မြေပြင်သတင်းအရ သိရသည်။

ကော့ကရိတ်တောင်ပိုင်းဘက်တွင် စစ်ကြောင်းထိုးဝင်လာသည့် စစ်ကောင်စီတပ်နှင့် BGF ပူးပေါင်းတပ်ဖွဲ့ များသည် လက်ရှိ အံ့ဖကြီးကျေးရွာဘုန်းကြီးကျောင်းကို အကာအကွယ်ယူပြီး ကျောင်းဝင်းထဲတွင် တပ်စွဲထားသည်ဟု ဒေသခံများက ပြောသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သထုံ၊ တောင်ငူ၊ ညောင်လေးပင်၊ ဘိတ်-ထားဝယ်၊ မူတြော်(ဖာပွန်)၊ ဒူးပလာယာနှင့် ဖားအံစသည့် ခရိုင် ၇ခုတွင် စစ်ဘေးရှောင် ပြည်သူဦးရေ ၁၄၀,၀၀၀ ကျော်ရှိသည်ဟု ကရင်အမျိုးသမီးအစည်းအရုံ-KWO၏ ပြုစုထားသည့် စာရင်းအရ သိရသည်။

https://kicnews.org/2022/03/knu-ဒူးပလာယာခရိုင်အတွင်း-တ/

------------------------------------------------------------------------------------------

## KNU ညောင်လေးပင်ခရိုင်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၃၇၀၀ ခန့်ထွက်ပြေးနေရ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၀ ရက်။



ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ ၃ နယ်မြေ ညောင်လေးပင်ခရိုင်ရှိ ကျောက်ကြီးမြို့နယ်နှင့် ဆော ထိမြို့ နယ်အတွင်းသို့ စစ်ကောင်စီတပ်က လေယာဉ်ဖြင့် လာရောက်ဗုံးကြဲခဲ့သည့်အတွက် ဒေသခံ ၃၇၀၀ ခန့် ထွက်ပြေးတိမ်းရှောင်နေရသည် ဟု KNU က သတင်းထုတ်ပြန်သည်။

မတ်လ ၁၉ ရက်နေ့က စစ်ကောင်စီတပ်က ကျောက်ကြီးမြို့နယ်ရှိ ကွီးလားကျေးရွာနှင့် ဆောထိမြို့နယ်ရှိ တကက်ပူကျေးရွာအတွင်းသို့ လေယာဉ်ဖြင့် လာရောက် ဗုံးကြဲခဲ့ရာ လူထိခိုက်သေဆုံးမှု မရှိသော်လည်း အဆောက်အဦး အချို့ ထိခိုက်ပျက်စီးခဲ့ပြီး ဒေသခံ ပြည်သူ ၃၇၀၀ ခန့်က စစ်ဘေးရှောင်နေရသည်ဟု KNU ထုတ်ပြန် ချက်အရ သိရသည်။

KNU က “အာဏာသိမ်း စစ်ကောင်စီမှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်သောကြောင့် ကေအဲန်ယူ – ညောင်လေးပင်ခရိုင် မှ ကျေးရွာပေါင်း (၁၇) ရွာမှ ပြည်သူလူထုပေါင်း (၃၇၀၀) ခန့်တို့သည် ထိတ်လန့်ကြောက်ရွံ့ခဲ့ကြရ၍ ကျေးရွာကိုစွန့်ပြီး တောတောင်များအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါသည်။ ဤသို့သော အဖြစ်အပျက်များဖြစ်ပွားမှုကြောင့် ကျေးရွာသူကျေးရွာသား ပြည်သူလူထုများသည် စိုးရိမ်ကြောက်ရွံ့ မှုများနှင့် ရင်ဆိုင်ခဲ့ကြရပြီး စားဝတ်နေရေးအတွက် သွားလာလုပ်ကိုင်ရာတွင်လည်း ဘဝလုံခြုံမှုများမရှိတော့ပေ” ဟု ပြောသည်။

စစ်ကောင်စီတပ်သည် ညောင်လေးပင်ခရိုင် ကျောက်ကြီးမြို့နယ် ကွီးလားကျေးရွာထဲသို့ ဗုံး ၂ လုံးနှင့် ဆောထိမြို့ နယ်ထဲသို့ ဗုံး ၂ လုံး စုစုပေါင်း ဗုံး ၄ လုံးကို လေယာဉ်ဖြင့် လာရောက် ကြဲချခဲ့သည်ဟု ဆိုသည်။

ညောင်လေးပင်မြို့နယ်အတွင်းက ဒေသခံတစ်ယောက်ကလည်း “မနေ့ကရော လေယာဉ်က သွားလိုက်ပြန်လိုက် ပဲ။ ဒီနေ့လည်း သွားနေတယ်။ မြင်နေရတယ်။ မနေ့က လေယာဉ်နဲ့ ပစ်တယ်ဆိုတာတော့ ကြားတယ်။ သေချာ တော့ မသိဘူး။ ကျနော်နေတဲ့နေရာနဲ့တော့ နည်းနည်းဝေးတော့ အတိအကျတော့ မသိရဘူး။ လေယာဉ်တွေ တက်သွားတာလည်း တွေ့တယ်” ဟု ပြောသည်။

ထိုသို့ လုပ်ဆောင်ခြင်းကြောင့် ဒေသခံများမှာ ဘဝလုံခြုံမှု မရှိသည့်အပြင် COVID-19 ( အိုမီခရွန်) ရောဂါကို ကာကွယ်ရန် နှင့် ကုသရန်အတွက် များစွာ အခက်အခဲ ဖြစ်စေခဲ့သည်ဟု KNU က ပြောသည်။

ယခုလ မတ်လအတွင်း KNU တပ်မဟာ (၃) နယ်မြေ ညောင်လေးပင်ခရိုင်အတွင်းတွင်သာမက အခြား KNU ထိန်းချုပ်နယ်များထဲသို့လည်း စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုများ စစ်အင်အားတိုးချဲ့မှုများလည်း ဆက်တိုက်ခိုက်လုပ်ဆောင်နေသည်ဟု ဒေသခံများနှင့် KNU ၏ ထုတ်ပြန်ချက်များအရ သိရသည်။

စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU) ကော်သူးလေ အုပ်ချုပ်နယ်မြေအတွင်း ၂၀၂၂ ခုနှစ် ဖေ ဖော်ဝါရီလ တစ်လတာအတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA၊ ကရင်အမျိုးသား ကာ

ကွယ်ရေးတပ် KNDO နှင့် အာဏာသိမ်းစစ်ကောင်စီ၏တပ်၊ နယ်ခြားစောင့်တပ် BGF တို့အကြား ထိတွေ့ ပစ်ခတ်တိုက်ခိုက်မှုပေါင်း (၄၂၁) ကြိမ်ဖြစ်ပွားခဲ့သည်ဟု KNU က ထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီလအတွင်း ဖြစ်ပွားခဲ့သည့် အဆိုပါ တိုက်ပွဲများအတွင်း စစ်ကောင်စီတပ် နှင့် နယ်ခြားစောင့်တပ် BGF တို့ဘက်က ၃၁၁ ဦး သေဆုံးပြီး ၂၂၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု KNU ၏ ထုတ်ပြန်ထားသည့် စာရင်း များအရ သိရသည်။

https://www.nmg-news.net/2022/03/20/18203

---------------------------------------------------------------------------------------------------